EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၆)၊ အမှတ် (၄) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” (ဖေဖော်ဝါရီ ၄ ၊ ၂၀၁၉)

# ကျန်ရှိနေသေးသည့် နမ်ဆန်ယန်မှ စစ်ဘေးရှောင်များနှင့် အခြားရွာများမှ စစ်ဘေးရှောင်သူများ နေရပ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်



ဓာတ်ပုံ – Ah Je

ဇန်နဝါရီ ၃၁

ဝိုင်းမော်မြို့နယ်၊ နမ်ဆန်ယန်ကျေးရွာသို့ စစ်ရှောင်ပြည်သူများ ပြန်လာနိုင်ခြင်းမှာ တပ်မတော်၏ ငြိမ်းချမ်းရေး မျှော်မှန်းချက် လုပ်ဆောင်နေမှုနှင့် ဒေသခံပြည်သူများ နေရပ်ပြန်နိုင်ရေး ကြိုးစားနေမှုတို့ကြောင့် ဖြစ်သည်ဟု တပ်မ(၁၀၁)မှ ဒုတိယတပ်မမှူး၊ ဗိုလ်မှူးကြီး စိုးကျော်ထက်က ပြောသည်။

“တပ်မတော်က ငြိမ်းချမ်းရေးမျှော်မှန်းချက်နဲ့ ဆောင်ရွက်နေတဲ့အပိုင်းနဲ့ တစ်ဘက်မှာလည်း ကျေးရွာမှာရှိတဲ့ ရပ်မိရပ်ဖတွေကလည်း ပြန်လည်နေထိုင်ဖို့ ကြိုးစားနေတဲ့အပိုင်း ဒီအချက်နှစ်ခု ပေါင်းဆုံပြီးတော့မှ နေရပ်ပြန်ရေး ဖြစ်ပေါ်လာရတာပါ”ဟု တပ်မ(၁၀၁)မှ ဒုတပ်မမှူးဗိုလ်မှူးကြီး စိုးကျော်ထက်က ပြောသည်။

ထို့အပြင် နေရပ်ပြန်လာရန် တပ်မတော်အကြီးအကဲများ၏ ခွင့်ပြုချက်လည်း ပါဝင်သကဲ့သို့ ထိုသို့ဖြစ်စေချင်သည့် ရွာသားများ၏ ဆန္ဒဖြစ်သော မိမိရပ်ရွာတွင် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်ကို ဦးစားပေးပြီး ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ဒုတပ်မမှူးဗိုလ်မှူးကြီး စိုးကျော်ထက်က ဆက်လက်ပြောသည်။

စာ – ၂ သို့ »



## မျိုးဆက်သစ်များအတွက် လုံခြုံမှုရှိသည့် ပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်ဖို့ မူးယစ်ဆေးဝါး တိုက်ထုတ်စို့

စာ – ၉ သို့ »

## ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကန့်ကွက်မှုကြောင့် ဝန်ကြီးဌာန အသစ်တစ်ခု မဖွဲ့စည်းဖြစ်ခဲ့

စာ – ၅ သို့ »

## မီတာခဈေးတက်မည့်အရေး ရှင်ဗွေယန်ဒေသခံများ စိုးရိမ်

စာ – ၁၅ သို့ »

## သမိုင်းဝင်ခဲ့တဲ့ ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး အမှတ်စဉ် (၁ / ၂၀၁၉)

စာ – ၃ သို့ »

## ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ပြဿနာရှိသော ကလေးများကို ရန်ကုန်မှဆရာဝန်ကြီး အခမဲ့ လာရောက်ကုသပေးမည်

စာ – ၁၇ သို့ »

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

# ကျန်ရှိနေသေးသည့် နမ်ဆန်ယန်မှ စစ်ဘေးရှောင်များနှင့် အခြားရွာများမှ စစ်ဘေးရှောင်သူများ နေရပ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်

စစ်ရှောင် ပြည်သူများဖြစ်ကြသည့် နမ်ဆန်ယန်ကျေးရွာဒေသခံ ၁၀၅ ဦး အဆင်ပြေစွာ နေထိုင်သွားလာနိုင်ရန်အတွက် တပ်မတော်မှ မြေမြှုပ်မိုင်းရှင်းလင်းရေးများ ဆောင်ရွက်ခဲ့ရာ မိုင်းငါးလုံး တွေ့ရှိခဲ့ကြောင်း ဒုတိယတပ်မမှူးက ပြောသည်။

ကချင်ပြည်နယ်တွင် တစ်ကျော့ပြန်တိုက်ပွဲများ ပြန်လည်ဖြစ်ပေါ်သည့် နောက်ပိုင်း ယခုစစ်ဘေးရှောင်များ နေရပ်တွင် ပြန်လည်နေထိုင်ခြင်းသည် ပထမဦးဆုံးဖြစ်ကြောင်းနှင့် ယခုကဲ့သို့ နေရပ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်းမှာလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ဒီဇင်ဘာလ ၂၁ရက်က လမ်းညွှန်မှာကြားခဲ့သည့်အတွက် နေရာချထားရေးများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်းမှ ပြောသည်။

"အရင်ဦးဆုံး ကျွန်တော်တို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က အမှတ် (၁၀၁) တပ်မဟာအဖွဲ့နဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ မိုင်းရှင်းလင်းရေး အရင်လုပ်ဆောင်ပြီးမှ ကျွန်တော်အပါအဝင် ဝိုင်းမော်မြို့နယ် ဌာနဆိုင်ရာတွေနဲ့ပြန်သွားပြီး စိတ်ချရတဲ့ အခြေအနေအထိ တစ်အိမ်ချင်းစီသွားပြီး စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပြီးမှ တခြားလိုအပ်ချက်တွေကို ဌာနချုပ်ကို ပြန်တင်ပြပြီးမှပဲ အခုလို စစ်ရှောင်တွေနေရပ်ပြန်နိုင်ရေးကို စီစဉ်တာဖြစ်တယ်"ဟု လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းမှ ပြောသည်။

စစ်ရှောင် ဒေသခံများအနေဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့သည်မှာ ၇ နှစ်ကျော်သွားပြီဖြစ်သည့်အတွက် မိမိမြေယာများကို ကာကွယ်လိုသည့်အတွက်၊ ကုမ္ပဏီများ ဝင်ရောက်မှုကို တားဆီးရန်အတွက်နှင့် မိမိနေရပ်သို့ ပြန်လိုသည့်စိတ်ကြောင့် မိမိသဘောဆန္ဒအရ ပြန်လာခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို ပြန်လာရတာက. . . တရုတ်တွေ အရမ်းဝင်လာတယ်လေ။ ကိုယ့်ခြံသူများလက်ထဲ ပါမသွားအောင်၊ ကိုယ့်ခြံကိုလည်း မဆုံးရှုံးချင်ဘူးလေ။ နောက်ပြီးတော့ အခုလို ပြန်ပို့ပေးတာ အရမ်းဝမ်းသာတယ်။ ဦးဆောင်တဲ့ သူတွေကိုရော၊ လိုက်ပို့ပေးတဲ့ သူတွေကိုရော အရမ်းကျေးဇူးတင်တယ်။ စစ်မဖြစ်ခင် အရင်ကတော့ ဆေးဆိုင်ဖွင့်ထားတာ၊ အခု လောလောဆယ်က စျေးဆိုင်လေး ဖွင့်မလို့ စဉ်းစားထားတယ်"ဟု နန်ဆန်ယန်ဒေသခံ ဒေါ်ဒါရှီကော့ဖန်က ပြောသည်။

ဆက်လက်ပြီး နေရာချထားရေးနှင့် ပတ်သက်၍ နေရပ်ပြန်ရန် တင်ပြထားခြင်းများရှိပြီး နမ်ဆန်ယန်ကျေးရွာသာမက ယင်းလမ်းကြောတစ်လျှောက်ရှိ ကျေးရွာများလည်း နေရပ်ပြန်နိုင်ရေး ကြိုးစားနေကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်းက ပြောသည်။

နမ်ဆန်ယန် စစ်ရှောင်များ နေရပ်ပြန်နိုင်ရန်အတွက် ကူညီပေးနေသူ ဗန်းမော်မြို့မှ နာမည်ကျော်တေးရေးဆရာကြီး ဦးဖော်လားကမ်ဖန်ကလည်း "ကျန်ရှိသေးတဲ့ နမ်ဆန်ယန်ကျေးရွာသားတွေ နေရပ်ပြန်လည်နေထိုင်နိုင်ဖို့က အခုပြန်လာတဲ့ ရွာသူရွာသားတွေရဲ့ အခြေအနေ၊အနေအထားပေါ်မူတည်ပြီး ဆက်လက်ပြန်လာနိုင်ဖို့ လုပ်သွားမယ်"ဟု ပြောသည်။






အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)ဥက္ကဋ္ဌ ဒေါက်တာ ခလမ်ဆမ်ဆွန်က "ကေအိုင်အေနဲ့ မြန်မာ့တပ်မတော်တွေ့ဆုံပြီး သူတို့ရဲ့ လက်မှတ်ထိုးမှုအပေါ်မူတည်ပြီး ဘယ်နေရာဘယ်ဒေသတွေက ပြန်လို့ရမယ်ဆိုပြီး၊ လုံခြုံမှုရှိတဲ့ နေရာတွေမှာသူတို့ သတ်မှတ်လာလို့ရှိရင် ကျွန်တော်တို့ ပြန်ပို့ဖို့တော့ စီစဉ်ထားပါတယ်။ တချို့နေရာတွေတော့ပြန်ဖို့ အဆင်ပြေတဲ့နေရာတွေ ရှိပါတယ်။ ဒါပေမဲ့ တချို့နေရာကတော့ မဖြစ်သေးဘူး။ စစ်ရှောင်တွေနေရပ်ပြန်ရေးမှာတော့ နယ်စပ်မှာနေတဲ့သူတွေရော ဒီဘက်မြို့ပေါ်မှာနေတဲ့သူတွေရော အတူပြန်မှုဖြစ်မှာ တစ်ဘက်ပဲပြန်ရင်တော့မဖြစ်ဘူး။ စစ်ရှောင် နေရပ်ပြန်ရေးအပေါ် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နဲ့တော့ ကျွန်တော်တို့ တခြားဘာမှ ပြောထားတာ မရှိပါဘူး"ဟု မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကျေးရွာသို့ ပြန်လာကြသည့် စစ်ရှောင်ဒုက္ခသည်များထဲတွင် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာမှ စိန့်ဂျိုးဇက်ကက်သလစ် စစ်ရှောင်စခန်း၊ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်မှ ဇီးအွန်စစ်ရှောင်စခန်း၊ ဂျန်မိုင်ကောင်းရပ်ကွက်မှ ကက်သလစ်စစ်ရှောင်စခန်း၊ တပ်ကုန်းရပ်ကွက်မှ အင်ဂျန်ဒုံစစ်ရှောင်စခန်း၊ ပလနကျေးရွာအုပ်စုမှ ငွေပျော်စံပြကျေးရွာစသည့် စခန်းများ၌ နေထိုင်ကြသူများ ပါဝင်ကြောင်း သိရသည်။

မြစ်ကြီးနား - ဗန်းမော်လမ်းမပေါ်ရှိ ယခင်က အိမ်ခြေ ၂၀၀ ခန့်ရှိ နမ်ဆန်ယန်ကျေးရွာသည် လွန်ခဲ့သည့် ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်က တပ်မတော်နှင့် ကချင်လွတ်လပ်ရေးအဖွဲ့ KIO တို့၏ တစ်ကျော့ပြန် တိုက်ပွဲကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးလာသူများ ဖြစ်သည်။

မွန်းမွန်းပန်၊ Ah Je



# သမိုင်းဝင်ခဲ့တဲ့ ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး အမှတ်စဉ် (၁/ ၂၀၁၉)






မြစ်ကြီးနား၊ ဇန်နဝါရီ ၃၁

“ပြောင်းလဲချိန် တန်ပြီ” ဆိုပြီး တက်လာတဲ့ NLD အစိုးရကြီးက သက်တမ်းသုံးနှစ်ပြည့်ခါနီးမှာ ၂၀၁၉ နှစ်ဦးကို ကချင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ဝန်ကြီးတွေအပြောင်းအလဲနဲ့ ဖွင့်လှစ်လိုက်တဲ့ဖြစ်စဉ်ကို ယခုလ မြစ်ကြီးနားသတင်းဂျာနယ်ရဲ့ သမိုင်းဝင် ဖြစ်စဉ်အဖြစ် မှတ်တမ်းတင် ဖော်ပြလိုက်ပါတယ်။

၂၀၁၈ နှစ်ကုန်ခါနီးတုန်းက ကချင်ပြည်နယ်ကို ကုလ အထွေထွေ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာပြည်အထူးကိုယ်စားလှယ် လာရောက်ခဲ့တယ်။ မရှေးမနှောင်းမှာ အမေရိကန်၊ ဗြိတိန်နဲ့ တရုတ်သံအမတ်တို့လာခဲ့ကြတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဒုတိယသမ္မတ(၂) တို့လည်း ရောက်ရှိလာခဲ့ကြပါတယ်။ အဲဒီနောက် ဇန်နဝါရီလ ၂၁ ရက်နေ့မှာ နိုင်ငံတော်သမ္မတရဲ့အမိန့် ဆိုပြီး ကချင်ပြည်နယ် အစိုးရအဖွဲ့ထဲက ဝန်ကြီးသုံးယောက်ကို တာဝန်ကနေ ရပ်စဲခဲ့ပါတယ်။ ဝန်ကြီးတွေရဲ့ ကျန်းမာရေး အခြေအနေကြောင့် ရပ်စဲလိုက်တယ် ဆိုတာကလွဲလို့ ဝန်ကြီးတွေကိုယ်တိုင် ဘာမျှရေရေရာရာ မသိကြပါဘူး။

ဝန်ကြီးသုံးယောက် ဖြစ်တဲ့ လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်က အသက် ၆၈ နှစ်၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီး ဦးအိတ်ချ်လအောင်က ၇၃ နှစ်၊ စိုက်ပျိုးမွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက ၆၃ နှစ်အရွယ်တွေ ဖြစ်ပါတယ်။

အသက် ၇၃ နှစ်အရွယ် ရှိပြီဖြစ်တဲ့ သယံဇာတဝန်ကြီး ဦးအိတ်ချ်လအောင်ကတော့ သူ့ကိုတာဝန်ကရပ်စဲရခြင်း အကြောင်းအရင်းအမှန်ကိုမသိရသေးတဲ့အတွက် နုတ်ထွက်စာပေါ်မှာ လက်မှတ်ရေးထိုးမပေးခဲ့ဘဲ အကြောင်းအရင်းမှန်သိအောင် ဗဟိုကို သွားရောက်မေးမြန်းမယ်လို့ သတင်းစာရှင်းလင်းပွဲမှာ မီဒီယာတွေကို ပြောခဲ့ပါတယ်။

ဝန်ကြီးချုပ်နဲ့ လွှတ်တော်က တင်မြှောက်ထားတဲ့ ဒေါက်တာသင်းလွင်က လွဲလို့ ကျန်တဲ့ ပြည်သူ့ရွေးကောက်ခံ ကိုယ်စားလှယ် ဦးမြသိန်း (ရွှေကူမြို့နယ်)နဲ့ ဦးလအောင် (ဖားကန့်မြို့နယ်)တို့က မြို့နယ်တွေကို ကိုယ်စားပြုပြီး ပြည်နယ်လွှတ်တော်မှာ ဆက်လက်တက်ရောက်နေပါတယ်။

လစ်လပ်သွားတဲ့ ဝန်ကြီးတွေနေရာမှာ အစားထိုးခန့်ထားဖို့ ကချင်ပြည်နယ်လွှတ်တော်က အရေးပေါ်အစည်းအဝေးအမှတ် (၁/၂၀၁၉) ကို ခေါ်ယူကျင်းပခဲ့ပါတယ်။ အစားထိုးခန့်အပ်မယ့် ဝန်ကြီး အမည်စာရင်းတွေကို အစည်းအဝေး ဒုတိယနေ့မှာ ဝန်ကြီးချုပ်ကိုယ်စား လမ်းပန်း ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက အဆိုပြုတင်သွင်းခဲ့ပြီး လွှတ်တော်ရဲ့ သဘောထားကို တောင်းခံခဲ့ပါတယ်။

ပြည်နယ်ဝန်ကြီးချုပ်အဆိုပြုတင်သွင်းထားတဲ့ အစားထိုး ဝန်ကြီးအမည်စာရင်းတွေကို အစည်းအဝေး တတိယနေ့ (ဇန်န ဝါရီ ၃၀) မှာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။

စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းနေရာမှာ မိုးညှင်းမဲဆန္ဒနယ်က ဦးကျော်ကျော်ဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိမ်းသိန်းရေးဝန်ကြီး ဦးH လအောင်နေရာမှာ ဖားကန့်မဲဆန္ဒနယ်က ဦးဒါရှီလဆိုင်းနဲ့ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နေရာမှာ လက်ရှိ စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းတို့ကို အသီးသီးအစားထိုး ခန့်အပ်ခဲ့ပါတယ်။ လစ်လပ်သွားတဲ့ စည်ပင်ဝန်ကြီးနေရာကိုတော့ ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ်မှ ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်ကို ခန့်အပ်တာ ဝန်ပေးခဲ့တာပါ။

အသစ်ခန့်အပ်လိုက်တဲ့ ဝန်ကြီးတွေကတော့ အရေးကြီးဆုံး အခန်းကဏ္ဍတွေကို ကြိုးစား လုပ်ဆောင်သွားမယ်လို့ အစည်းအဝေး တတိယနေ့မှာ ပြည်သူလူထုကို ကတိသစ္စာတွေ ပြုခဲ့ကြပါတယ်။

စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးသစ် ဦးကျော်ကျော်ဝင်း ကတော့ လွှတ်တော်ကိုယ်စားလှယ်ဘဝက သူတင်ခဲ့တဲ့ အဆိုတွေ၊ မေးခွန်းတွေကို အခုကိုယ်တိုင် ဝန်ကြီးဖြစ်တဲ့အချိန်မှာ ဆက်လက်လုပ်ဆောင်သွားမယ်လို့ ပြောဆိုခဲ့ပါတယ်။

“ကျွန်တော်တို့ ကချင်ပြည်နယ်အတွက် အဓိကလိုအပ်နေတဲ့ မြေလွတ်မြေရိုင်းကိစ္စတွေရှိပါတယ်။ နောက်တစ်ခုက အခွန်အခတွေ အပြည့်အဝ ရရှိနိုင်ရေးအတွက် တစ်သျှူးငှက်ပျော ကိစ္စလေးတွေ ရှိပါတယ်။ အဲဒါက ကျွန်တော်တို့ တော်တော်လေး အလေးထားဆောင်ရွက်ရမယ့် အပိုင်းတွေ ဖြစ်ပါတယ်”လို့ ပြောကြားပါတယ်။

ကချင်ပြည်နယ်နဲ့ မြန်မာတစ်နိုင်ငံလုံးအတွက် အရေးပါတဲ့ သယံဇာတအရေးနဲ့ ပတ်သက်လို့ ဖားကန့်ဒေသက သက်တမ်းလွန်ကုမ္ပဏီတွေနဲ့ ချီဖွေမြို့နယ်အတွင်းမှာ မြေရှားသတ္တု ထုတ်ယူနေတဲ့ ကိစ္စရပ်တွေကို သယံဇာတ ဝန်ကြီးအသစ်က ဘယ်လို ကိုင်တွယ်သွားမလဲ ဆိုတာကတော့ လူစိတ်ဝင်စားမှု အများဆုံးပါ။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိမ်းသိန်းရေးဝန်ကြီးသစ် ဦးဒါရှီလဆိုင်းကတော့ -“ပြည်နယ်မှာ ရှိနေတဲ့ လုပ်ငန်းတာဝန်တွေကို အောင်မြင်အောင်လုပ်စေဖို့ တာဝန်ပေးတယ်လို့ ခံယူပါတယ်။ ကချင်ပြည်နယ်မှာ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်က တော်တော်လေးကို ပျက်စီးနေတဲ့အပိုင်းတွေ ရှိနေတဲ့အတွက်ကြောင့် ဒီလုပ်ငန်းတွေကို ပိုပြီးမှ လုပ်ရမယ်ဆိုတာ ကျွန်တော့်ရဲ့ ခံစားချက်အတွေးလေးပေါ့။ အဲဒါကြောင့် အများကြီးကြိုးစားရမယ်လို့ ပြောချင်ပါတယ်”ဆိုပြီး ရှေ့ဆက်လုပ်ဆောင်သွားမယ့် လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ပြောဆိုသွားပါတယ်။

ဗဟိုချုပ်ကိုင်မှုတွေနဲ့ ရှုပ်ထွေးနေတဲ့ ကျောက်စိမ်းတွင်းရဲ့ သယံဇာတပြဿနာ

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# အစားထိုးခန့်အပ် လိုက်သော ကချင်ပြည်နယ် ဝန်ကြီး ၃ ဦး ၏ ကိုယ်ရေး အကျဉ်း



**ဦးကျော်ကျော်ဝင်း**
**(စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး)**

ကိုယ်စားပြုပါတီ - မိုးညှင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)
မဲဆန္ဒနယ် - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မွေးဖွားရာဇာတိ - မိုင်းနောင်ကျေးရွာ၊ အင်းတော်ကြီးဒေသ၊ မိုးညှင်းမြို့နယ်
အဘအမည် - ဦးချစ်မောင်(ကွယ်လွန်)
ပညာအရည်အချင်း - B.Ag(စိုက်ပျိုးမွေးမြူရေးပညာဘွဲ့)
လူမျိုး - ရှမ်း
ဘာသာ - ဗုဒ္ဓဘာသာ
မွေးသက္ကရာဇ် - ၁၉၅၆



**ဦးနော်လီ**
**(စည်ပင်သာယာရေးဝန်ကြီး)**

ကိုယ်စားပြုပါတီ - ဝိုင်းမော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)
မဲဆန္ဒနယ် - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မွေးဖွားရာဇာတိ - မန်ဒေါင်ကျေးရွာ၊ ဝိုင်းမော်မြို့နယ်
အဘအမည် - ဦးဇော်လွမ့်
ပညာအရည်အချင်း - B.A (Geog)
လူမျိုး - လော်ဝေါ်/ကချင်
ဘာသာ - ခရစ်ယာန်
မွေးသက္ကရာဇ် - ၁၉၇၄



**ဦးဒါရှိုလဆိုင်း**
**(သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး)**

ကိုယ်စားပြုပါတီ - ဖားကန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)
မဲဆန္ဒနယ် - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မွေးဖွားရာဇာတိ - (ကထန်ယန်)ကာမိုင်း
အဘအမည် - ဦးဒါရှိနော်ဂျာ (ကွယ်လွန်)
ပညာအရည်အချင်း - ဒဿမတန်း
လူမျိုး - ဂျိမ်းဖော/ကချင်
ဘာသာ - ခရစ်ယာန်(ကက်သလစ်)
မွေးက္ကရာဇ် - ၁၉၇၃

နဲ့ ကျောက်စိမ်းတွင်းရဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးက ကချင်ပြည်နယ်အတွက် အဓိကအကျဆုံး ဖြစ်တာကြောင့် ဖားကန့်လွှတ်တော်ကိုယ်စားလှယ်နဲ့ ဝန်ကြီးဌာနနဲ့ လိုက်လျောညီထွေဖြစ်ပါတယ်။

စည်ပင်ဝန်ကြီးသစ် ဦးနော်လီကတော့ "အကောင်အထည်ဖော်ထားတဲ့ အရာတွေ၊ မပြီးပြတ်သေးတဲ့အရာတွေ၊ ဆက်ပြီးအကောင်အထည်ဖော်မယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့အသံကို နားထောင်ပြီးတော့ စည်ပင်သာယာရေးရဲ့ ဥပဒေနဲ့ ချိန်ထိုးပြီးတော့ ဆောင်ရွက်ဖို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ စည်ပင်သာယာရေးအဖွဲ့က ရှိပြီးတော့ စည်ပင်ဝင်ငွေ မရတဲ့ မြို့တွေရှိတယ်။ မရှိတဲ့မြို့တွေကို ပြည်နယ်အစိုးရနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးမှ လုပ်ဆောင်သွားမယ်"လို့ ပြောပါတယ်။

စည်ပင်ဝန်ကြီး ဦးနေဝင်းလက်ထက်မှာ မြို့တော် မြစ်ကြီးနားနဲ့ ကချင်ပြည်နယ်ထဲက မြို့အချို့ရဲ့ မိန်းလမ်းမကြီးတွေမှာ အဆင့်မြင့် နိုင်လွန်ကတ္တရာတွေ ခင်းကျင်းခဲ့ပြီး မြစ်ကြီးနားမှာဆိုရင်လည်း ပြည်သူတွေ အပန်းဖြေဖို့ နေရာတွေနဲ့ အတော်လေးကို တိုးတက်ခဲ့ပါတယ်။ အရပ်ရပ် အခွန်ကောက်ခံရာမှာလည်း မြစ်ကြီးနားမြို့က တစ်နိုင်ငံလုံး အတိုင်းအတာမှာ အခွန်အများဆုံး ရရှိခဲ့ပါတယ်။ ဒါပေမဲ့လည်း အမှိုက်သိမ်းယာဉ် အားနည်းတာ၊ အချို့ရပ်ကွက်လမ်းတွေ မကောင်းသေးတာတွေလည်း ရှိနေပါတယ်။ ဒါတွေကို ဘဏ္ဍာနှစ်အလိုက် ပြင်ဆင်သွားမယ်လို့ သိရပြီး အရင်စည်ပင်ဝန်ကြီးထက် ငယ်ရွယ်တက်ကြွတဲ့ ဦးနော်လီက ကောင်းကောင်းဆောင်ရွက်သွားနိုင်လိမ့်မယ်လို့လည်း ပြည်သူတွေက မျှော်လင့်နေကြပါတယ်။

ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ် ၄၆ ဦး တက်ရောက်ခဲ့တဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ လေးရက်တာ အရေးပေါ် အစည်းအဝေး (၁/၂၀၁၉)က ဝန်ကြီးအပြောင်းအလဲ ဖြစ်စဉ်တွေကို သမိုင်းဝင်ဖြစ်စဉ် အနေနဲ့ မြစ်ကြီးနားသတင်း ဂျာနယ်က မှတ်တမ်းတင်ရေးသား ဖော်ပြလိုက်ပါတယ်။

စည်သူ(မြစ်ကြီးနား)

Ref;www.kachinstate.gov.mm

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
မြတ်သွေးထက်၊ ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
PH ဘရန်ဂျာ၊ Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကန့်ကွက်မှုကြောင့် ဝန်ကြီးဌာန အသစ်တစ်ခု မဖွဲ့စည်းဖြစ်ခဲ့



ဇန်နဝါရီလ ၂၉ ရက်နေ့က ကျင်းပသည့် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းဝေး(ဒုတိယနေ့) အစီအစဉ်တွင် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာနအချို့ကို ပြင်ဆင်ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတ၏သဝဏ်လွှာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ရာ အတည်ပြုနိုင်ခြင်းမရှိခဲ့ပေ။

လမ်းပန်း ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနကို ဌာနနှစ်ခုခွဲ၍ ပြောင်းလဲလုပ်ကိုင်သွားရန် အဆိုပြုလာခြင်းအပေါ် တနိုင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် အင်ဂျန်းယန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဂျာဆိုင်းခေါန်တို့က ကန့်ကွက်ဆွေးနွေးခဲ့သည်။

"ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းမယ်ဆိုရင် ဝန်ကြီးတစ်ပါး ခန့်အပ်ရမှာဖြစ်ပါတယ်။ ဝန်ကြီးတစ်ပါး ခန့်အပ်လို့ရှိရင် ဝန်ကြီးတစ်ပါးရဲ့ အဆောင်အယောင်၊ ဝန်ကြီးတစ်ပါးရဲ့ အသုံးစရိတ်၊ ဘတ်ဂျက်တွေ ထည့်သွင်းစဉ်းစားဖို့ လိုလာမှာ ဖြစ်ပါတယ်။ လက်ရှိဝန်ကြီးရဲ့ စွမ်းဆောင်ရည်ကရော ကျနေပြီလားပေ့ါ။ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဝန်ကြီးဌာန ဖွဲ့စည်းခြင်းကို လွှတ်တော်မှတ်တမ်းနဲ့ ပြတ်ပြတ်သားသား ကန့်ကွက်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်"ဟု ဦးဇော်ဝင်းက ကန့်ကွက်ခဲ့သည်။

ယင်းသို့ ကန့်ကွက်ဆွေးနွေးမှုများ ရှိခဲ့သဖြင့် လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ ဆန္ဒမဲပေးသူ ၄၆ ဦးအနက် ၂၈ ဦးက ကန့်ကွက်ကာ ၁၈ ဦးက ထောက်ခံခဲ့သဖြင့် ပြောင်းလဲဖွဲ့စည်းခြင်း မပြုတော့ဘဲ လက်ရှိ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်ကို ဆက်လက်တာဝန်ပေးအပ်ခဲ့သည်။

ကချင်ပြည်နယ် အစိုးရတွင် ဝန်ကြီးဌာန ၇ ခုနှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ၄ ခုဖြင့် ဖွဲ့စည်းထားရာ လစ်လပ်နေသည့်ဝန်ကြီးနေရာများအတွက် လူမှုရေးဝန်ကြီးအဖြစ် လက်ရှိ စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်း၊ စည်ပင်သာယာရေးဝန်ကြီးအဖြစ် ဝိုင်းမော်မြို့နယ်မဲဆန္ဒနယ်(၂)မှ ဦးနော်လီ၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအဖြစ် မိုးညှင်းမြို့နယ် မဲဆန္ဒနယ်(၂)မှ ဦးကျော်ကျော်ဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးအဖြစ် ဖားကန့်မြို့နယ်မှ ဦးဒါရှီလဆိုင်းတို့အား ခန့်အပ်ခဲ့သည်။

စည်သူ(မြစ်ကြီးနား)




## အသိပေးကြေညာခြင်း

ချီဖွေမြို့နယ်၊ မန်အိုင်ပိုင်မြေရာဖြစ်သဖြင့်
ယခုအစိုးရထံ ပါမစ်လျှောက်ရမည်ဖြစ်သောကြောင့်
ကန့်ကွက်လိုသူများ ၂၈၊၂၊၂၀၁၉ရက် နောက်ဆုံး
ထား၍ အထောက်အထားပြည့်စုံစွာဖြင့်
အင်ဂျန်ဒုံမြောက် ဦးရှယ်ကွယ်ဇေခေါင်
မိဘမဲ့ကျောင်း တောင်ဘက်ကို လာရောက်
ကန့်ကွက်နိုင်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

# Editorial
## အယ်ဒီတာ့အာဘော်

### ပြောင်းလဲချိန်တန်ပြီ၊ ပြောင်းလဲဖို့ကြိုးစားနေသူတွေနဲ့ အပြောင်းအလဲအတွက် အထောက်အပံ့များ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ အပြောင်းလဲကြီးတွေကို NLD အစိုးရဟာ သူ့ တာဝန်ယူချိန် ၃ နှစ်ကျော်အကြာမှာ လုပ်ဆောင်လိုက်တာကို တွေ့ရပါတယ်။ ဇန်နဝါရီ ၂၉ ရက်နေ့က ၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်ရေး ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ရေး အရေးကြီးအဆိုတစ်ရပ်ကို ပြည်ထောင်စု လွှတ်တော်မှာ တင်ခဲ့ပါတယ်။ သို့သော် ၂၅ ရာခိုင်နှုန်းသောတပ်မတော်ကိုယ်စားလှယ်များကကန့်ကွက်ခဲ့ကြပါတယ်။

ဖေဖဝါရီ ၆ ရက်နေ့က ကချင်ပြည်နယ်မှာလည်း ဝန်ကြီး ၃ ဦးကို ပြောင်းလဲ ခန့်အပ်ခဲ့ပါတယ်။ NLD အစိုးရရဲ့ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဒီနေ့ ပြောင်းလဲ တာဝန်ထမ်းဆောင်မည့် ဝန်ကြီးတွေရဲ့ ပြောဆိုချက်တွေဟာလည်း ကျေနပ်အားရစရာ ကောင်းလှပါတယ်။

စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းက မြေလွတ်မြေရိုင်းကိစ္စနဲ့ အခွန်အခ အပြည့်အဝရရှိနိုင်ဖို့ တစ်သျှူးငှက်ပျောကိစ္စ စတာတွေကို အလေးထားဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။ အားရစရာပါ။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းကလည်း ဖားကန့်ဒေသနဲ့ သယံဇာတကိစ္စရပ်တွေကို ဥပဒေရဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ သေချာကိုင်တွယ် လုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။ ဝမ်းသာစရာပါ။

စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီကတော့ စည်ပင်သာယာအဖွဲ့သာရှိပြီး ဘတ်ဂျက်မရှိလို့ စည်ပင်ဖွံ့ဖြိုးမှု နည်းတဲ့ ဒေသတွေဖြစ်တဲ့ ချီဖွေ၊ ဆော့လော်၊ အင်ဂျန်းယန်၊ ဆွမ်ပရာဘွမ်နဲ့ မချမ်းဘောဒေသတွေကို ပြည်နယ်အစိုးရရဲ့ ပူးပေါင်းမှုနဲ့ အတူ စည်ပင်ဖွံ့ဖြိုးဖို့ ဆောင်ရွက်သွားဖို့ရှိတယ်လို့ ဆိုပြန်ပါတယ်။ ကျေနပ်စရာပါ။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း အငြိမ်းစားဗိုလ်ချုပ်ကြီး သူရဦးရွှေမန်း နိုင်ငံရေးပါတီတစ်ရပ် ထောင်တာဟာ ဒေါ်အောင်ဆန်းစုကြည်ကို ကူဖို့ ဖြစ်တဲ့အကြောင်း ဆိုကြပြန်ပါတယ်။ ထိုနည်းလည်းကောင်း ၈၈ မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်တဲ့ဦးကိုကိုကြီးကလည်း NLD အစိုးရကိုကူဖို့ ပါတီထောင်ခဲ့တာဖြစ်တယ်လို့ ဆိုခဲ့ပါသေးတယ်။ ကြည်နူးဖို့ ကောင်းလှပါတယ်။

အပြောင်းအလဲအတွက် ကြိုးစားရုန်းကန်နေတဲ့ NLD အစိုးရကို ထောက်ကူပေးမယ့်သူတွေ၊ ပါတီတွေအပြင် နိုင်ငံတကာကလည်း ထောက်ပံ့မှုတွေ ပေးနေကြပါတယ်။

၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်နိုင်ဖို့ ခြေလှမ်းပြင်ဆင်လိုက်တဲ့အပေါ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းက မိတ္ထီလာမြို့နယ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ တပ်မတော်ရဲ့ စစ်ရေးလေ့ကျင့်မှုအခမ်းအနား မိန့်ခွန်းပြောဆိုအပြီး မီဒီယာတွေရဲ့ မေးမြန်းချက်ကို ဖြေကြားရာမှာလည်း၊ အခြေခံဥပဒေကို မပြင်ဖို့ တစ်ခါမှမဆိုခဲ့ကြောင်း၊ ပြင်သင့်ပြင်ထိုက်ချိန်မှာ ပြင်ဖို့ရှိကြောင်း သို့သော် စနစ်တကျပြင်ဖို့ လိုကြောင်းကို ဖြေကြားခဲ့ပါတယ်။

နောက်ပြီး မောင်တောမြို့နယ်က ဘင်္ဂါလီ ၁၀ ဦး သတ်ဖြတ်ခံရမှုကို ဖော်ထုတ်ရေးသားခဲ့တဲ့ Reuters သတင်းထောက်နှစ်ဦးဘက်က ရဝ့်စွာ တရားခွင်မှာ ဖွင့်ချထွက်ဆိုခဲ့လို့ ၂၀၁၈ ခုနှစ် ဧပြီ ၂၇ ရက်နေ့မှာ အလုပ်ထုတ်ခံရပြီး ထောင်ဒဏ် ၁ နှစ် ချမှတ်ခံခဲ့ရတဲ့ ဦးမိုးရန်နိုင်ဟာ ထောင်ကအထွက် ဖေဖော်ဝါရီ ၁ ရက်နေ့မှာ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဟာ စံချိန်စံညွှန်းမီတဲ့ ဥပဒေမဟုတ်တဲ့အတွက် ပြင်ဆင်သင့်တဲ့ ဥပဒေဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။

ဒါ့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တာဝန်တွေကို လွှဲပြောင်းယူခဲ့ကြတဲ့ အစိုးရတာဝန်ရှိသူများ၊ ပြောင်းလဲဖို့ ကြိုးစားကြသူများနဲ့ ပြောင်းလဲဖို့ကူညီနေတဲ့ အားတွေကို ယူရင်း မှန်ကန်တဲ့ဆုံးဖြတ်ချက်နဲ့ ပြင်ဆင်သင့်တဲ့ ဥပဒေတွေကို တာဝန်ယူပြင်ဆင်နိုင်ဖို့ မြစ်ကြီးနားသတင်းဂျာနယ်က တိုက်တွန်းလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်
( ဖေဖော်ဝါရီ ၄ ၊ ၂၀၁၉ )




၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ၇၂ နှစ်မြောက် ပြည်ထောင်စုနေ့ကြီး ဖြစ်သည်။ ပြည်ထောင်စုနေ့သည် မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်ဖြစ်သည့်နည်းတူ အနက်အဓိပ္ပာယ်ပြည့်စုံပြီး လက်တွေ့ကျရန် လိုအပ်ပါသည်။

ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံကို အလေးအနက် သိရှိနားလည်ရန် လိုအပ်ပါသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အခြေခံအုတ်မြစ်ဖြစ်သည့် ပင်လုံစာချုပ်ကို လွတ်လပ်ရေး ဖခင်ကြီး ဗမာအမျိုးသား ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသများရှိ ခေါင်းဆောင်များ အမျိုးသားတန်းတူရေး စိတ်ဓာတ်အပြည့်အဝဖြင့် ချုပ်ဆိုခဲ့ကြပါသည်။

**ပင်လုံစာချုပ်၏ ဝိသေသလက္ခဏာများ**

ပင်လုံစာချုပ်တွင် -

(၁) ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝ ပါရှိသည်။

(၂) အမျိုးသားတန်းတူရေး အခွင့်အရေး အပြည့်အဝ ပါရှိသည်။

(၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ပါရှိသည်။

အမှန်စင်စစ် ပင်လုံစိတ်ဓာတ် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ဗမာလူမျိုးများနှင့် အခြားတိုင်းရင်းသားများ (တောင်တန်းဒေသရှိ လူမျိုးများ) အားလုံး အမျိုးသားတန်းတူ အခွင့်အရေး ရရှိခြင်းကို ဆိုလိုသည်။ အခြားအနက်အဓိပ္ပာယ် မရှိပါ။

**ပြည်ထောင်စုအစ ကချင်က**

ဗမာအမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကချင်အမျိုးသား ခေါင်းဆောင် ဒူဝါကြီးများနှင့် တွေ့ဆုံ၍ လွတ်လပ်ရေး အတူရယူရန် မြစ်ကြီးနားမြို့သို့ ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရောက်ရှိလာသည်။ ကချင်ခေါင်းဆောင်ဒူဝါကြီးများမှ ဗမာခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးအတူရယူရန် အဆိုပြုတောင်းဆိုချက်ကို အစောပိုင်းက သဘောတူလက်ခံခြင်း မရှိခဲ့ပါ။ အကြောင်းမှာ ကချင်ဒူဝါကြီးများမှာ ရိုးသားဖြူစင်သူများ ဖြစ်ကြ၍ အခြေအမြစ်မရှိ သက်သေအထောက်အထား ခိုင်မာမှုမရှိဘဲ အယုံအကြည်မရှိပါ။

ဗမာခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအတွက် အခက်ကြုံခဲ့ရသည်။ ဤ အခက်အခဲကို ကျော်လွှားနိုင်ရန် ကချင်ခေါင်းဆောင်များကို "ဗမာတစ်ကျပ် ကချင်တစ်ကျပ်"ဆိုသည့် ဗမာတိုင်းရင်းသားများ တစ်ကျပ်ရလျှင် ကချင်တိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားများလည်း တစ်ကျပ်ရစေရမည်ဟု ကတိကဝတ်ပေးလိုက်သည့် အခါတွင်မှသာ ကချင်ခေါင်းဆောင်များမှ သဘောတူလက်ခံခဲ့ကြသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ မတိုင်မီ ကချင်ဒူဝါကြီးများ ပင်လုံမြို့သို့ ကြိုတင်ရောက်ရှိခဲ့ကြသည်။ ကချင်ခေါင်းဆောင် ဒူဝါကြီးများနှင့် ရှမ်းခေါင်းဆောင် စော်ဘွားကြီးများ ဦးစွာ တွေ့ကြသည်။ ရှမ်းစော်ဘွားများမှ ကချင်ခေါင်းဆောင်များကို "ဘယ်လိုလဲ၊ ဗမာနဲ့အတူ လွတ်လပ်ရေး ယူမလား၊ မယူဘူးလား"ဟု မေးကြသည်။ အမှန်မှာ ရှမ်းစော်ဘွားများက ဗမာနှင့် လွတ်လပ်ရေး အတူယူမည်ဟု ပြောသည့်အခါတွင်မှ "ခင်ဗျားတို့ ကချင်တွေ ဗမာနဲ့အတူ လွတ်လပ်ရေးယူရင် တို့တွေလည်း ဗမာနှင့်အတူ လွတ်လပ်ရေးယူမယ်" ဟု သဘောတူလက်ခံကြသည်။

အကယ်၍များ ကချင်ခေါင်းဆောင်များမှ ဗမာနှင့်အတူ လွတ်လပ်ရေး မယူပါဟု ပြောခဲ့လျှင် ရှမ်းစော်ဘွားများ၊ ချင်းခေါင်းဆောင်များလည်း ဗမာနှင့်အတူ လွတ်လပ်ရေး ယူကြမည်မဟုတ်ပါ။ ထို့ကြောင့် "ပြည်ထောင်စုအစ ကချင်က"ဟု ခေါ်ဆိုခဲ့ခြင်း ဖြစ်သည်။

**ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ဟူသည်**

ပင်လုံစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်သည် အတူတူပင် ဖြစ်သည်။ လွတ်လပ်ရေးဖခင်၊ ဗမာအမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသ ခေါင်းဆောင်ကြီးများ၊ ဒူဝါကြီးများ၊ ရှမ်းစော်ဘွားကြီးများ ပင်လုံမြို့တွင် အမျိုးသားတန်းတူရေး စိတ်ဓာတ် အပြည့်အဝဖြင့် ပင်လုံစာချုပ်ကို သဘောတူချုပ်ဆိုခဲ့ကြသည်။ ဤကဲ့သို့ တောင်ပေါ်မြေပြန့်ရှိ လူမျိုးများ အချင်းချင်း ခွဲခြားခြင်းမရှိဘဲ အမျိုးသားတန်းတူရေး စိတ်ဓာတ်ဖြင့် အတူတကွ ပင်လုံစာချုပ်ကို ချုပ်ဆိုပြီး ပြည်ထောင်စု မြန်မာနိုင်ငံအဖြစ် ထူထောင်ရန် သဘောတူခဲ့ကြသည်။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဘယ်သူပိုင်သလဲ**

ပြည်ထောင်စု မထူထောင်ဘဲ အောက်မြန်မာနိုင်ငံ(ဗမာနိုင်ငံ) သီးသန့် လွတ်လပ်ရေးယူ၍ ရပါသည်။ သို့ပေမင့် ဗမာအမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းသည် တောင်ပေါ်ဒေသ တိုင်းရင်းသားများနှင့်အတူ လွတ်လပ်ရေးယူ၍ အမျိုးသားတန်းတူ အခွင့်အရေးရသည့် ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံ တည်ထောင်ရန် ရည်မှန်းချက်ရှိခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် ပင်လုံစာချုပ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အခြေခံမူ၊ အခြေခံဥပဒေ ဖြစ်သည်။ ဤ ပင်လုံစာချုပ်အရ တိုင်းရင်းသားတိုင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသည်။ အမျိုးသားတန်းတူအခွင့်အရေးရှိသည်။ ဆိုလိုသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဗမာလူမျိုးများက လူဦးရေများသည့်အတွက်၊ ဗုဒ္ဓဘာသာများသည့်အတွက် ဗမာလူမျိုးတစ်မျိုးတည်းက ပိုင်ဆိုင်သည်ဟု ပြော၍မရပါ။ ဤနိုင်ငံ၊ ဤ ပြည်ထောင်စုကို လူမျိုး တစ်မျိုးတည်းက ပိုင်ဆိုင်ခွင့် မရှိပေ။ တောင်တန်းဒေသ တိုင်းရင်းသားများနှင့် မြေပြန့် တိုင်းရင်းသားများ အားလုံးက ဤနိုင်ငံ၏ ပိုင်ရှင်များ ဖြစ်ကြသည်ကို မမေ့အပ်ပါ။ ပင်လုံစာချုပ်မရှိပါက ပြည်ထောင်စုကြီးလည်း မရှိပါ။ ပင်လုံ စာချုပ်ကို တန်းတူရည်မျှ တစ်စိတ်တစ်ဝမ်းတည်းဖြင့် ချုပ်ဆိုခဲ့ကြသည်။ ပင်လုံစာချုပ်နှင့်ပြည်ထောင်စု မြန်မာနိုင်ငံတော်ရှိသရွေ့ ဗမာလူမျိုးအပါအဝင် တိုင်းရင်းသားအားလုံး တန်းတူပိုင်ဆိုင်သည့် ပြည်ထောင်စုကြီး ဖြစ်ပါသည်။

**ပင်လုံစာချုပ်နှင့် ဖက်ဒရယ်စနစ်**

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသ အမျိုးသားခေါင်းဆောင်များ ရည်မှန်းထားသောပြည်ထောင်စုမှာ ဖက်ဒရယ် ပြည်ထောင်စု ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုဟု ဆိုရာတွင် -

၁။ အမျိုးသားတိုင်း တန်းတူအခွင့်အရေး ရှိသည်။

၂။ အမျိုးသားတိုင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိသည်။

၃။ ဒီမိုကရေစီစနစ် ကျင့်သုံးသည်။

**ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု**

ယနေ့တိုင်းရင်းသားများ လိုချင်သည့် ပြည်ထောင်စုမှာ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖြစ်သည်။ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့်NLD ခေါင်းဆောင်များသည် မူလအစကတည်းက ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အမြဲအတည်ပြု ပြောကြားသည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း(၂၀၀)ခန့် ရှိသည့်အနက် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု အများဆုံးပါရှိသည်။

ကမ္ဘာပေါ်တွင် လုံးဝမရှိသည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကိုတပ်မတော်နှင့် အစိုးရခေါင်းဆောင်များက မည်သည့်အတွက် လိုချင်ကြပါသနည်း။ တိုင်းရင်းသား ခေါင်းဆောင်များသည် ပင်လုံစာချုပ်အရ ဖက်ဒရယ်စနစ်ကို အဓိကထားသည်။ ဒီမိုကရေစီနစ်ကို ဒုတိယထားပါသည်။ အကြောင်းမှာ ဒီမိုကရေစီ စနစ်သည် လူဦးရေကို အဓိကထားသည့် အုပ်ချုပ်မှုစနစ် ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရသော် ဗမာလူမျိုး များသည့်အတွက် အမျိုးသားတန်းတူရေးထက် လူဦးရေကို ဦးစားပေးသည့်အခါ၊ လူမျိုးကြီးဝါဒ ကျင့်သုံးလာမည် ဖြစ်သည်။ ဥပမာ - တိုင်းရင်းသားများ ပြည်နယ်တစ်ခုစီ ရသည်။ ဗမာလူမျိုးများက လူဦးရေအရ တိုင်းဒေသကြီး(၇)ခု ယူထားသည်။ ဤသည်မှာ ဖက်ဒရယ်စနစ်မဟုတ်ပေ။ ဖက်ဒရယ်စနစ်အရ လူဦးရေ မည်မျှပင် များပါစေ၊ အခွင့်အရေး၊ အခွင့်အာဏာသည် အတူတူပင် ဖြစ်သည်။ ဖက်ဒရယ် စနစ်အရ အမျိုးသားတန်းတူညီမျှမှု ရှိရမည်။ ဗမာပြည်နယ်တစ်ခုသာ ရှိရမည်။ လက်ရှိ အနေအထားအရ တိုင်းရင်းသားများ တစ်ကျပ်ရလျှင် ဗမာလူမျိုးများက ခုနှစ်ကျပ် ရနေသည်။ လွှတ်တော်တွင်လည်း တိုင်းရင်းသားများထက် ကိုယ်စားလှယ်(၇)ဆ ရနေသည်။ ဤစနစ်သည် ဒီမိုကရေစီစနစ်မဟုတ်ပါ။ အမျိုးသားတန်းတူမှုမရှိသဖြင့် ပင်လုံစာချုပ်နှင့် ဆန့်ကျင်လျက် ရှိသည်။ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု စနစ်ကို ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မှ ကျင့်သုံးခြင်းမရှိပါ။

**ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှိပါက ငြိမ်းချမ်းရေးရန် မခက်ခဲပါ**

ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ငြိမ်းချမ်းရေးမရခြင်းမှာ သက်ဆိုင်ရာ ခေါင်းဆောင်များ၊ နိုင်ငံတော် ခေါင်းဆောင်များတွင် ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် မရှိခြင်းကြောင့် ဖြစ်သည်။ ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိရမည် ဆိုသော်လည်း ထိုစကားရပ်၏အနက်အဓိပ္ပာယ်ကို ဖော်ပြခြင်း မတွေ့ရပါ။ ဝန်ကြီးများနှင့် ကာချုပ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတကြီး ပင်လျှင် ထိုစိတ်ဓာတ်ကို ကျင့်သုံးမှု မတွေ့ပေ။ နှုတ်စကားဖြင့် "ပင်လုံစိတ်ဓာတ်ရှိရမည်။ ပြည်ထောင်စုစိတ်ဓာတ် မွေးရမည်"ဆိုသည်။ ကာချုပ်ကတော့ "ဗမာစိတ်ဓာတ် ရှိရမည်"ဟု ဆိုသည်။

လွတ်လပ်ရေး ဖခင်ကြီး၊ ဗမာအမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသ ခေါင်းဆောင်များသည် အမျိုးသားတန်းတူရေး စိတ်ဓာတ်(ပင်လုံစိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ်)ဖြင့် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ အကယ်၍ ဗမာလူမျိုးများနှင့် တောင်တန်းဒေသ တိုင်းရင်းသားများ အမျိုးသားတန်းတူရေး မရပါက ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့မည် မဟုတ်ပါ။ ထို့အတူ ပြည်ထောင်စုကြီးလည်း မရှိနိုင်ခဲ့ပါ။

စင်စစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း ယခုအချိန်ထိ ဗမာခေါင်းဆောင်များဉာဏ်ပညာ အမြော်အမြင် ခေါင်းပါးမှုကြောင့်ပြည်တွင်းတော်လှန်ရေးအဖွဲ့များ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ တိုင်းရင်းသားများ၏ တော်လှန်မှုအရင်းအမြစ်ကို မရှုမမြင်ဘဲ လက်နက်အင်အားကို အားကိုး၍ တိုင်းရင်းသားလက်နက်ကိုင်များကို ချေမှုန်းနေမှုကြောင့် ကမ္ဘာပေါ်တွင် နောက်ကျကျန်ရစ်ခဲ့ရ

စာ - ၁၅ သို့ »




**တုတ်ထိုး** - ဩော်. . . ဒုက္ခ ဒုက္ခ။ စားသောက်ကုန်အတု၊ ငွေစက္ကူအတု၊ ဒီမိုကရေစီအတု၊ ဒီကြားထဲ ဒေါက်တာဘွဲ့အတုတွေက လာလာချေသေး။

**အိုးပေါက်** - သွားအတုတွေနဲ့ ကိုတုတ်ထိုးက ဘာအတုတွေအကြောင်း ကြားမိလို့တုန်း။

**တုတ်ထိုး** - ဒေါက်တာအတုတဲ့ဗျာ။

**အိုးပေါက်** - ဘယ်လို၊ ဘယ်လို။

**တုတ်ထိုး** - ပြည်ထောင်စုဝန်ကြီးနှစ်ဦးရဲ့ ဒေါက်တာဘွဲ့တွေဟာ သက်ဆိုင်ရာနိုင်ငံနဲ့ နိုင်ငံတကာအသိအမှတ်မပြုဘဲ တက္ကသိုလ်အတု ဖြစ်နေလို့တဲ့ဗျ။

**အိုးပေါက်** - သမားတု၊ ဆရာဝန်အတု၊ ဒေါက်တာရမ်းကုတွေ ရှိနေကြရတဲ့အထဲ ဒေါက်တာဘွဲ့အတုက ပေါ်လာပြန်ပြီပေါ့။ ဒါနဲ့ ဘယ်သူတွေနဲ့ ဒေါက်တာဘွဲ့တွေတုံးဗျ။

**တုတ်ထိုး** - ရန်ကုန်နည်းပညာတက္ကသိုလ် (YTU)မှာ ဌေးပါမောက္ခအဖြစ် လေးနှစ်ကျော် လုပ်ကိုင်ခဲ့တဲ့ ဒေါက်တာတင်ထွန်းဆိုတာ ကြားဖူးမှာပေါ့။

**အိုးပေါက်** - ကြားဖူးတာပေါ့ဗျာ။

**တုတ်ထိုး** - တကယ်တော့ သူက ဆယ်တန်းတောင် မအောင်ဘူးတဲ့ဗျာ။

**အိုးပေါက်** - ဘယ်က ကြားသိခဲ့ရတာတုန်း။

**တုတ်ထိုး** - လူမှုကွန်ရက်မှာ သောသောညံနေတာပဲဗျာ။ မသိဘဲနေပါ့မလား။ ပြီးတော့ 7day News မှာလည်း "ဒေါက်တာဘွဲ့ အတုဖြင့် ဂျင်းထည့်ကြသူများ" ဆိုတဲ့ ဆောင်ပါး ဖတ်ကြည့်။ "ဆုဆက်ရည်ပိုး" ရေးထားတာ တွေ့ရလိမ့်မယ်။

**အိုးပေါက်** - ဒါနဲ့ ဇီးပင်ကြီးနဲ့ ဖောင်ကြီး ဝန်ထမ်းတက္ကသိုလ် နှစ်ခုကတော့ နိုင်ငံတကာက အသိအမှတ်ပြုထားတဲ့ တက္ကသိုလ်တွေနဲ့ ချိတ်ဆက်ပြီး သင်တန်းပေးနေကြတာပဲ။

**တုတ်ထိုး** - အဲဒါလည်း ဂျင်းပဲဗျ။ တကယ်တော့ ဖောင်ကြီးနဲ့ ဇီးပင်ကြီးဝန်ထမ်းတက္ကသိုလ်နှစ်ခုဟာ သက်ဆိုင်ရာအစိုးရတွေက အသိအမှတ်မပြုထားတဲ့ အမေရိကန်ပြည်ထောင်စုက Akamai University နဲ့ မလေးရှားအခြေစိုက် EDS Business School တို့တွေနဲ့ ချိတ်ဆက်ပြီး ဝန်ထမ်းတွေကို သင်တန်းပေးနေတာတဲ့ဗျ။ အဲဒီကိစ္စ ဆူညံနေတာပဲ။ ပြည်ထောင်စု ရာထူးဝန် အဖွဲ့ရဲ့ ဝက်ဘ်ဆိုက်စာမျက်နှာမှာတော့ Akamai University နဲ့ EDS Business School တွေဟာ ဗြိတိန်နိုင်ငံအခြေစိုက် ASIC ပညာရေးအဖွဲ့ရဲ့ အသိအမှတ်ပြုလက်မှတ်တွေ ရထားတယ်လို့ ဖော်ပြထားခဲ့ပါတယ်။

**အိုးပေါက်** - . . . . . ။

**တုတ်ထိုး** - ဒါပေမဲ့ ASIC ကို ဗြိတိန် အစိုးရက ပညာရေး အရည်အသွေး ဆန်းစစ်တဲ့ အဖွဲ့အစည်းအဖြစ် အသိအမှတ် မပြုထားဘူးတဲ့ဗျာ။ ဒါပေမဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ဝန်ထမ်းတက္ကသိုလ် နှစ်ခုမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ အစိုးရဝန်ထမ်းအရာရှိတွေကို အဲဒီ တက္ကသိုလ် အတုနှစ်ခုက သင်တန်းပို့ချနေတာတဲ့ဗျ။

**အိုးပေါက်** - တကယ့် ဂျင်းတိုင်းပြည်ကြီး ပါလားဗျာ။ အဲဒါ ဘာသဘောလဲ ခင်ဗျာ။ တကယ်တော့ ပညာရေးနဲ့ ပတ်သက်တာဖွင့်မယ်ဆိုရင် စိစစ်သုံးသပ်အဖွဲ့ Accreditation Body (အရည်အသွေး အာမခံမှုအကဲဖြတ်အဖွဲ့အစည်း)တွေ ရှိတယ်ဗျ။ ခုတော့ အဲဒါ ဘာသဘောလဲခင်ဗျာလို့ လွှတ်တော်နာယကကြီး ပြောရတော့မှာပဲ။

**တုတ်ထိုး** - အဲဒါ ဘာသဘောလဲခင်ဗျာ ဆိုတာ လင်းစမ်းပါဦးဗျာ။

**အိုးပေါက်** - ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး ပူးပေါင်းကော်မတီဖွဲ့စည်းဖို့ အရေးကြီး အဆိုတင်သွင်းမှုကို တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အားလုံးက မတ်တပ်ရပ် ကန့်ကွက်ခဲ့တာဗျ။ အဲဒီတော့ နာယကကြီးက မေးတယ်။ အဲဒါ ဘာသဘောလဲ ခင်ဗျာတဲ့။ ပြီးတော့ တပ်မတော်သားကိုယ်စားလှယ် တင်ပြချိန်အတွင်း ပြည်ထောင်စု လွှတ်တော်နာယက က နိဂုံးချုပ်ဖို့ သတိပေးခဲ့သေးတယ်။ ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ စကားလုံး အသုံးနှုန်းဟာ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာနဲ့ဆိုင်ပြီး ဥပဒေကို လက်တစ်လုံးခြား လုပ်တယ်ဆိုတဲ့ အသုံးအနှုန်းကို လွှတ်တော်နာယကကြီးက လေးလေးနက်နက် ကန့်ကွက်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် အခွင့်အရေး ဆုံးရှုံးခြင်း မရှိအောင် မည်သို့သောလုပ်ထုံးလုပ်နည်းနဲ့ လုပ်ဆောင်ရမည်ကို ကိုယ်စားလှယ်အနေဖြင့် သိပြီးဖြစ်ကြောင်း . . . ပြီးတော့ အားလုံးပွင့်လင်းမြင်သာစွာပါဖို့နဲ့ အဆိုပါအဖွဲ့ ဖွဲ့စည်းချိန်မှာလည်း ကိုယ်စားလှယ်တွေ အားလုံး ပါဝင်ရမည် ဖြစ်ကြောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ရဲ့ တင်သွင်းချက်ကို လက်မခံကြောင်း ပြောကြားခဲ့တယ်ဗျ။

**တုတ်ထိုး** - လွှတ်တော်ကတော့ ကြည့်ကောင်းနေပြီဗျ။ ရှေ့ဆက်ပြီး မချွတ်ချော်ဖို့ပဲ လိုတော့တယ်။

**အိုးပေါက်** - ဒါပေါ့ဗျာ။ နောက်ဆုံးတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး အရေးကြီးအဆိုကို လက်ခံဆွေးနွေးဖို့ သင့်မသင့် စက်ခလုတ် အသုံးပြုပြီး ဆောင်ရွက်ခဲ့တော့ ဆန္ဒမဲပေးခွင့်ရှိသူ ၆၀၁ ဦးမှာ တပ်မတော်ကိုယ်စားလှယ်တွေက ဆန္ဒမဲပေးခြင်းမပြုဘဲ ထောက်ခံမဲ ၃၉၄မဲ ကန့်ကွက်မဲ ၁၇မဲ ကြားနေမဲ ၃မဲ နဲ့ ဆွေးနွေးဖို့ အတည်ပြုခဲ့တယ်။

**တုတ်တိုး** - တောက်။ ဒါဘာသဘောလဲ ခင်ဗျာ။

**အိုးပေါက်** - ဟင်၊ ဘာကို ဘာသဘောတာတုန်း။ တပ်မတော် ကိုယ်စားလှယ်တွေက ဆန္ဒမဲမပေးဘူး။ ထောက်ခံမဲက ၃၉၄မဲ။ ကန့်ကွက်မဲက ၁၇မဲ ကြားနေမဲ ၃မဲလေ။ ဘာသဘောနဲ့ ဘာသဘောလဲ မေးတာလဲဗျ။

**တုတ်ထိုး** - ထောက်ခံတာ၊ ကန့်ကွက်တာ ပြဿနာမဟုတ်ဘူး။ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း ဆိုတဲ့ တစ်ဘက်ဘက်မှာတော့ ရပ်တည်ရမှာပဲမဟုတ်လား။ ဒါပေမဲ့ အရပ်ရပ် အပြည်ပြည် လူကြားလို့ မကောင်းဗျာ။ အလကား ဦးနှောက်လည်း မရှိ၊ နှလုံးသားမရှိတဲ့လူတွေ။ လွှတ်တော်ထဲ ထိုင်၊ အလကားထိုင်နေပြီး လခ ထိုင်ယူနေတဲ့သူတွေ ထုတ်ပစ်။ ဒါ ဘာသဘောလဲ ခင်ဗျာ။

**အိုးပေါက်** - ဘယ်သူကို ပေါက်ကွဲပြနေတာတုန်း။

**တုတ်ထိုး** - ကြားနေမဲမှာ နေတဲ့ သူတွေလေ။ တစ်ဘက်ဘက်မှာတော့ ရပ်တည်သင့်တာပေါ့ဗျာ။

**အိုးပေါက်** - ဟုတ်တယ်။ ဒါ ဘာသဘောလဲ။

**တုတ်ထိုး-** သူက အဖြူဆို၊ ကိုယ်က အမဲပေါ့။ ခုတော့ ဗျာ။ ရှက်ကြောပြတ်ပြီး လွှတ်တော်ထဲဝင်ထိုင် နေလိုက်ကြတာ။ ဒီလို အခွင့်ထူးခံ မလုပ်မရှုပ်မပြုတ်နဲ့ ပြည်သူ့လစာ ညာစားနေတဲ့ ယောင်ဝါး အမတ်တွေကို လွှတ်တော်ထဲကနေ သံပုံးတီးပြီး မောင်းထုတ်ဖို့လိုပြီဗျ။

**အိုးပေါက်** - ကိုယ့်အမြင်၊ ကိုယ့်အတွေး၊ ကိုယ့်အယူအဆ ဘာမှ ထုတ်မပြောဘဲ လွှတ်တော်ထဲ အငြိမ့်သား ထိုင်ပြီး လခလေး ထုတ်ယူနေကြတာ ပြည်သူကိုလိမ်နေတာပဲဗျ။

**တုတ်ထိုး** - ဒါ ဘာသဘောလဲ ခင်ဗျာ။

**အိုးပေါက်** - ဘာသဘောလဲ လုပ်မနေနဲ့။ လွှတ်တော်ထဲမှာ အရေးကြီးတဲ့ အဆိုတွေ တင်သွင်းတဲ့အခါ ဖျော်ဖြေရေးတွေ ဘာတွေတောင် ပါလာပြီဗျ။ ဟဲဟဲဟဲ

**တုတ်ထိုး** - ဗျာ။

**အိုးပေါက်** - ဟုတ်တယ်လေ။ လွှတ်တော်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် အဆိုတင်သွင်းတော့ တပ်မတော်သား ကိုယ်စားလှယ်တွေက ထိုင်ထလုပ်နေချိန် ကန့်ကွက်၊ ထောက်ခံကြနဲ့ ကြည့်လို့ကောင်းနေတဲ့ချိန်မှာ တိုက်ရိုက်လွှင့်နေတဲ့ MRTV ကနေ ဟေမာနေဝင်းသီချင်း လွှင့်လိုက်တယ်ဗျ။ ကျုပ်တို့ ပြည်သူတွေမှာ ကြည့်လို့ကောင်းနေတုန်း၊ နားထောင်ကောင်းနေတုန်း အချိန်မှာ တိုက်ရိုက်လွှင့်တာ မပြဘဲ တေးဂီတဖျော်ဖြေရေး ပြောင်းပြတာ။ လူကြားလို့မှ ကောင်းရဲ့လား။

**တုတ်ထိုး** - MRTV ဘာသဘောလဲ ခင်ဗျာ။

**အိုးပေါက်** - ဩော်. . . ဒုက္ခဒုက္ခ။ ရေဘေး၊ မီးဘေး၊ အတုဘေး၊ သင့်နေရတဲ့ ပြည်သူတွေမှာ ဆင်းရဲဘေးက မလွတ်၊ ဒီကြားထဲ ပြည်သူကို ညာဝါးလုပ်ပြီး "ကြားနေဘေး"တွေက တစ်မျောင့်။ ဇာတ်မကကြရလို့ ပတ်မကြီးထိုးဖောက်သူနဲ့၊ လွှတ်တော်ထဲမှာ ထိုင်ထလုပ်တဲ့သူနဲ့၊ MRTV တို့ ဘာတို့က သတင်းအမှောင်ချရတာနဲ့ ကျုပ်တို့ ပြည်သူတွေ အနေနဲ့ မေးလိုက်ချင်ပါတယ်။ ခင်ဗျားတို့တွေ ဒါ ဘာသဘောလဲ ခင်ဗျာ။

❑

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube : myitkyinanewsjournal
မြစ်ကြီးနားသတင်းဂျာနယ်
( ဖေဖော်ဝါရီ ၄ ၊ ၂၀၁၉ )

# မြစ်ကြီးနားမှ ပူတာအိုသို့ ကားလမ်း နဲ့ နေ့ချင်းပေါက် သွားလာနိုင်ပြီ

ဇန်နဝါရီ ၂၉

မိုင် ၂၀၀ ကျော်ခန့်ရှည်လျားသည့် မြစ်ကြီးနားမှ ပူတာအိုသို့ ကားလမ်းခရီးဖြင့် နေ့ချင်းပေါက်အရောက် သွားလာနိုင်ပြီ ဖြစ်ကြောင်း မြစ်ကြီးနား - ပူတာအို လမ်းပိုင်းတွင် ပြေးဆွဲနေသော ယာဉ်မောင်းများထံမှ သိရသည်။



ယခုအချိန်တွင် မြစ်ကြီးနားမှပူတာအိုအထိ ကျောက်များခင်းထားပြီ ဖြစ်သောကြောင့် အခက်အခဲမရှိဘဲ အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း မြစ်ကြီးနား-ပူတာအို ခရီးစဉ်ပြေးဆွဲနေသည့် ယာဉ်မောင်းဦးအားဖိမှ ပြောသည်။

"အခု လမ်းပိုင်းကတော့ အရင်ကနဲ့ မတူတော့ဘူး။ တစ်ရက်တည်းနဲ့ ခရီးပေါက်တယ်။ ကျောက်ခင်းလမ်းပဲ မဟုတ်ဘူး။ ကွန်ကရစ်လမ်းတွေလည်း နေရာကွက်ကြား ခင်းနေကြတာ တွေ့တယ်။ အခြေအနေတော့ မဆိုးပါဘူး။ လမ်းလည်း အရမ်းကျယ်နေပြီ ခုကတော့"ဟု ဦးအားဖိမှ ဆက်လက်ပြောသည်။

အဆိုပါလမ်း ကောင်းမွန်လာခြင်းကြောင့် ကားသမားများသည် ယခင်ချိန်များကဲ့သို့ ပင်ပန်းမှုမရှိဘဲ အချိန်တိုအတွင်း လိုရာခရီးရောက်ရှိနိုင်ပြီ ဖြစ်ကြောင်း ပူတာအို-မြစ်ကြီးနား ယာဉ်မောင်း ဦးကူယုံဆားရ်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ဘာဖြစ်ဖြစ် အခုလို လမ်းကောင်းသွားတာ ပြည်သူတွေအတွက် အရမ်းအကျိုးရှိသွားပြီလေ။ ကားလည်း အရင်ကလောက် မနာတော့ဘူးလေ။ လူလည်း မပင်ပန်းတော့ဘူး"ဟု ဦးကူယုံဆားက ပြောသည်။

မြစ်ကြီးနားမှ ပူတာအိုသို့ သွားရောက်လိုပါက မောင်းချိန် ၁၂ နာရီခန့် ကြာမြင့်မည်ဖြစ်ပြီး ခရီးလမ်းကြောင်း တိုးတက်ကောင်းမွန်လာမှုနှင့်အတူ ဒေသခံများ၏ လူမှုစီးပွားလည်း တိုးတက်လာကြောင်း ပူတာအိုမြို့မှ ဒေသခံ မဖြူက ပြောသည်။

"အရင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲတော့ စီးပွားရေးတွေလည်း ခက်ခဲကြတယ်။ ကွန်မတို့ ဈေးရောင်းကုန်သည်တွေ ပိုခက်တာပေါ့။ အရင်က လမ်းမကောင်းသေးတဲ့ အချိန်ဆိုမုန့်နဲ့ ဟိုဟိုသည်သည်ပဲ ရောင်းရတယ်။ အခု နေ့ချင်းခရီးရောက်တော့ ဆိုင်လေးတစ်ဆိုင်တောင်မှ ဖွင့်နိုင်ခဲ့ပြီ"ဟု မဖြူက ပြောသည်။

မြစ်ကြီးနားမြို့မှ ပူတာအိုမြို့သို့ ယခင်က သွားရောက်ရာတွင် သုံးရက်ခန့်ကြာမြင့်ခဲ့သည်ဟု ယာဉ်မောင်းများထံမှသိရပြီး ခရီးသည်တစ်ဦးလျှင် လေးသောင်းကျပ်နှင့် သုံးသောင်းငါးထောင်ကျပ်ကောက်ခံကြောင်းလည်း သိရသည်။

Ah Je






# မြစ်ကြီးနားမြို့တွင် လက်ရက်ကန်းသင်တန်း တစ်လကြာဖွင့်လှစ်

ဇန်နဝါရီ ၂၈

မြစ်ကြီးနားမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် လက်ရက်ကန်းသင်တန်းကို တစ်လကြာ သင်ကြားပေးနေကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးစီး၍ လူမှုဝန်ထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးဌာန၊ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်နှင့် ရက်ကန်းကျောင်းတို့ ပူးတွဲစီစဉ်ခြင်းဖြစ်ကာ ဇန်နဝါရီလ ၂၈ ရက်မှ ဖေဖော်ဝါရီလ ၂၈ ရက်အထိ သင်တန်းသူ ၂၀ ဦးကို လက်တွေ့သင်ကြားပေးနေကြောင်း သိရသည်။

လက်ရက်ကန်းနှင့် ပတ်သက်သော ပညာရပ်များပြန့်ပွားစေရန်၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ပေါ်ထွန်းလာစေရန်၊ အထည်အလိပ်လုပ်ငန်းလုပ်ကိုင်သူများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း ပြည်နယ်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မောင်းက ပြောသည်။

ကချင်ပြည်နယ်အတွင်း ယခုကဲ့သို့ နည်းပညာသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြင့် ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း ဆောင်ရွက်ချက်များကို ပြည်သူလူထုမှ ကျယ်ပြန့်စွာ သိရှိလာခြင်း၊ ကိုယ်ပိုင်လုပ်ငန်းရှင်များ ပေါ်ထွက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်း၊ ဆင်းရဲနွမ်းပါးမှုလျော့ကျရေး လုပ်ငန်းများအား တစ်ဘက်တစ်လမ်းမှ အထောက်အကူပြုစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်ကြောင်းလည်း သိရသည်။

ထို့အပြင် အဆိုပါသင်တန်းကျောင်းတွင် နှစ်စဉ်ဒေသနှင့် လိုက်လျောညီထွေဖြစ်စေမည့် အသက်မွေးဝမ်းကြောင်း အထောက်အကူပြုသင်တန်းများ၊ အထည်အလိပ်အတတ်ပညာ တစ်နှစ်သင်တန်း၊ လက်ရက်ကန်း ၆ လသင်တန်းများအပြင် ရက်တို သင်တန်းများကိုလည်း အခါအားလျော်စွာ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ရက်ကန်းပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာ (ကာလတို)သင်တန်း ၅ ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား၊သင်တန်းသူ ၁၀၀ ဦးကို သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းတွင် တက်ရောက်လိုသည့် သင်တန်းသူ/သားများအနေဖြင့် အစိုးရရုံးဖွင့်ချိန်များ၌ လာရောက်စုံစမ်းနိုင်ကြောင်းနှင့် ပညာအရည်အချင်း ကန့်သတ်ထားခြင်း မရှိကြောင်း သိရသည်။

မွန်းမွန်းပန်၊ Benadeth

# မျိုးဆက်သစ်များအတွက်လုံခြုံမှုရှိသည့် ပတ်ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်ဖို့ မူးယစ်ဆေးဝါး တိုက်ထုတ်စို့

**ဦးဂဲနက်စ် (တရားလွှတ်တော်ရှေ့နေ) ရေးသားသည်။**

ကျွန်တော်တို့ ငယ်စဉ်က မိဘဆရာများက သေရည်အရက်နှင့် မူးယစ်ဆေး မကောင်းကြောင်း ပြောဆိုဆုံးမခဲ့ဖူးသည်။ ၎င်းနှင့်ပတ်သက်သည့် စာစီစာကုံးများလည်း အကြိမ်ကြိမ် ရေးခဲ့ဖူးပါပြီ။ "ရှောင်လေဝေးဝေး မူးယစ်ဆေး" ခေါင်းစဉ်ဖြင့် စာစီစာကုံး ပထမဆုရခဲ့ဖူးသည့် ငယ်သူငယ်ချင်းတစ်ဦးမှာလည်း ယခုအခါမူးယစ်ဆေးဝါး၏သားကောင်ဘဝသို့ ရောက်မှန်းမသိ ရောက်ခဲ့ပြီ။ သိကျွမ်းသူအချို့မှာလည်း မူးယစ်ဆေးဝါးကြောင့် ငယ်ရွယ်ချိန်တွင် လူ့လောကကို ကျောခိုင်းခဲ့ကြလေပြီ။ မူးယစ်ဆေးဝါးပြဿနာက မြန်မာနိုင်ငံ၏ နာတာရှည် ပြဿနာလိုဖြစ်နေသည်။

မူးယစ်ဆေးဝါး၊ ဆေးလိပ်နှင့် အရက်သေစာတို့သည် မကောင်းကြောင်း မသိကြသည်မဟုတ်။ သူတို့သိကြသည်။ သို့သော် သူတို့ စွဲလန်းခဲ့ကြသည်။ ရောင်းသူများကလည်း ဆက်လက်ရောင်းချနေကြသည်။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက မူးယစ်ဆေးဝါးရောင်းဝယ်မှုကို တားဆီးအရေးယူနေသည် ဆိုသော်လည်း ထိရောက်မှုက ထင်သာမြင်သာ မရှိသေးချေ။ နိုင်ငံရေးပြဿနာများ၊ လက်နက်ကိုင်ပဋိပက္ခများ ရှိနေခြင်းနှင့် အကျင့်ပျက်ခြစားမှုတို့ကလည်း အဟန့်အတားတစ်ခုသဖွယ် ဖြစ်နေသည်။ တရားဥပဒေ ပြဋ္ဌာန်းရေးတွင် ဥပဒေများနှင့် နည်းဥပဒေများ ထိရောက်စွာ ကျင့်သုံးရေးတွင်လည်း အားလျော့နေဆဲ။

မူးယစ်ဆေးဝါးနှင့် အရက်သေစာများကြောင့် သုံးစွဲသူသည်သာ ဘဝပျက်ရသည်မဟုတ်။ ၎င်းတို့ကြောင့် လူ့အဖွဲ့အစည်းအတွက်ပါ ထိခိုက်မှုများ ကြုံတွေ့နေရသည်။ မူးယစ်ဆေးစွဲသူများက ၎င်းတို့ ပုံမှန်သုံးစွဲနိုင်ဖို့ ငွေလိုသည်။ မိသားစုကလိုသလောက်ငွေမပေးနိုင်သည့်အခါ မိသားစုပိုင် ငွေကြေးများ၊ ပစ္စည်းများခိုးယူကာ သူခိုးဈေးဖြင့် ရောင်းချကြသည်။ ရံဖန်ရံခါ မိသားစုအပေါ် ရန်ရှာ၍ မိသားစုဝင် အချင်းချင်း သတ်ဖြတ်သည့်အထိ အကြမ်းဖက်ကြမည်။ အသွေးအသားက အချိန်မှန်တောင်းဆိုချိန်၌ မသုံးစွဲရသည့်အခါ သူတို့သည် ဘာကိုမှ မသိတော့ချေ။ တွေ့ရာမြင်ရာ ရန်ရှာတော့သည်။ ထိုသူတို့ကြောင့် ကာယကံရှင် မိသားစုများမှာ မလုံခြုံမှုကို အချိန်ပြည့် ခံစားနေရတော့သည်။ မူးယစ်ဆေးစွဲသူ အများစုသည် မည်သည့်အရာကိုမျှ စိတ်မဝင်စားကြပါ။ သူတို့၏ စိတ်ကူးထဲတွင် အနာဂတ်ဆိုသည်လည်းမရှိ၊ မိသားစုအပေါ် ငဲ့ညှာရန်၊ မိဘ နောင်ရေး၊ သားသမီးရှေ့ရေးလှည့်ကြည့်ရန် ပြောဆိုနားချရသည်မှာလည်း ကျွဲပါးစောင်းတီးပင်။ မူးယစ်ဆေး စွဲနေသည့် အိမ်ထောင်ဦးစီးကြောင့် သားငယ်၊ သမီးငယ်များက အကြောက်တရားများ၊ မလုံခြုံသည့် စိတ်ခံစားချက်များဖြင့် ရှင်သန်နေရသည်။ မူးယစ်ဆေး စွဲနေသည့် သားသမီးများကြောင့် မိဘဖြစ်သူများ စိတ်ဒုက္ခရောက်ကြရသည်။

မူးယစ်ဆေးဝါးစွဲလွန်းပြီးပါက ဖြတ်ရအလွန်ခက်သည်။ ပြတ်ပြီးလျှင်လည်း သုံးစွဲသည့် ပတ်ဝန်းကျင်နှင့် ကြုံတွေ့ရပါက ပြန်လည်သုံးစွဲတတ်ကြသည်။ အချို့သူများက မူးယစ်ဆေးဝါးကို ကြိုးစားဖြတ်ပြီးနောက် အရက်နှင့် အစားထိုးကြသည်လည်း ရှိသည်။ သို့သော် မူးယစ်ဆေးဝါး သုံးစွဲဖူးသူများ အရက်သောက်လျှင် အလွန်သွေးဆိုးတတ်ကြသည်။ ပတ်ဝန်းကျင်တွင် ရမ်းကားတတ်ကြသည်။ ဤနည်းဖြင့် မူးယစ်ဆေးဝါးများက ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း အကြမ်းဖက်မှု ပြဿနာများ ဖန်တီးပေးလျက်ရှိသည်။ သို့ဆိုလျှင် ဤမျှ ဆိုးကျိုးပေးသည့် မူးယစ်ဆေးဝါးများကို မိမိတို့နိုင်ငံတွင် သုံးစွဲသူများပြားနေရပါသနည်း။ ပထမအဆင့်အနေဖြင့် အသက် ၁၈ နှစ် မတိုင်မီကပင် ဆေးလိပ် စသောက်တတ်သည်။ ထို့နောက် ဘီယာ၊ အရက်သို့ တစ်ဆင့်တက်သည်။ ထို့နောက်တွင် အပေါင်းအသင်းအချို့၏ အတတ်ဆန်းမှုကြောင့်၊ ဖော်မြူလာ (ချောင်းဆိုးပျောက် ဆေးရည်နှင့် ဘိန်းမဲ ကြိုချက်ရောစပ်ခြင်း)သောက်မည်။ ဘိန်းဖြူရှူမည်။ ငွေကြေးအရ ဘိန်းမဲ၊ဘိန်းဖြူ ရှူ/ သောက်သုံးခြင်းများ မတတ်နိုင်သည့်အခါတွက်ခြေကိုက်ပြီး အာနိသင် ချက်ချင်းဖြစ်ပေါ်စေသည့် ဘိန်းဖြူကိုအရည်ဖော်ကာ (ယခုနောက်ပိုင်း အရည်ဖျော်ခြင်းပင် မပြုလုပ်တော့ပါ) အကြောတွင်းသို့ ထိုးသွင်းရန် စဉ်းစားလာခြင်းဖြစ်သည်။



မိမိတို့နိုင်ငံတွင် လူငယ်လူရွယ်များ မူးယစ်ဆေးဝါးသုံးစွဲလာကြခြင်းမှာ လိုအပ်သည့် ဥပဒေများ မပြဋ္ဌာန်းနိုင်သေးခြင်း၊ ပြဋ္ဌာန်းပြီး ဥပဒေများ ထိရောက်စွာ မကျင့်သုံးခြင်း တို့ကြောင့်လည်း ဖြစ်သည်။

ယခင် တပ်မတော်အစိုးရလက်ထက်တွင် ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်က ဆေးလိပ်များ အလိပ်ဖြေကာ မရောင်းချရန်နှင့် အသက် ၁၈ နှစ် လူငယ်များအား ဆေးလိပ် မရောင်းချရန် ဥပဒေပြဋ္ဌာန်းခဲ့ဖူးသော်လည်း အရာမထင်ခဲ့ချေ။

ဥပဒေသည် ပြဋ္ဌာန်းရုံနှင့် အလုပ်မဖြစ်ကြောင်း၊ အသိပညာပေး (Awareness) လုပ်ငန်းများလည်း လိုအပ်ကြောင်း ထိုစဉ်ကပြောကြားခဲ့သည့် ပညာရှင်များကို လျစ်လျူရှုခဲ့ကြသည်။ ဥပဒေချိုးဖောက်သူများအား အရေးယူရန်လည်း ပျက်ကွက်ခဲ့ကြသည်။ ထို့အပြင် ဆေးလိပ်၊ အရက်၊ ဘီယာ ကဲ့သို့ ကုန်စည်များအား အခွန်တိုးမြှင့် စည်းကြပ်နိုင်ခြင်း မရှိသေးချေ။ နယ်စပ်ဒေသများမှ တရားမဝင် အရက်၊ဘီယာနှင့် ဆေးလိပ်များ ဝင်ရောက်လာခြင်းကိုလည်း မတားမြစ်နိုင်သေးချေ။ "မူးယစ်အစ ဆေးလိပ်က"ဟု ဆိုသော်လည်း ဈေးနှုန်းချိုသာစွာဖြင့် ဆေးလိပ်များ အလွယ်တကူရနိုင်ဆဲဖြစ်သည်။ ဈေးဆိုင်၊ ကွမ်းယာဆိုင်၊ စားသောက်ဆိုင်များတွင် အသက် ၁၈ နှစ်အောက်လူငယ်များကို ဆေးလိပ်မရောင်းရန်၊ ဆေးလိပ်ကို ဘူးလိုက်သာ ရောင်းချရန် အသိပညာပေး လုပ်ငန်းများလည်း ထိရောက်စွာ လုပ်ဆောင်နိုင်ခြင်း မရှိသေးချေ။ အခြားနိုင်ငံများနည်းတူ အရက်၊ ဘီယာသာမက ဆေးလိပ်ရောင်းချခွင့်လိုင်စင်လျှောက်ထားရန် လိုအပ်ချက်လည်း ပြဋ္ဌာန်းသင့်ပြီ ဖြစ်သည်။

မြို့ကြီးပြကြီး မဟုတ်သည့် အရပ်ဒေသများတွင် လူငယ်များ မူးယစ်ဆေးဝါး သုံးစွဲရသည့် အကြောင်းသည် ပတ်ဝန်းကျင်ကြောင့် ဖြစ်သလို ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးခြင်းကြောင့်လည်း ဖြစ်သည်။ မြို့ပြလူငယ်များက အရွယ်ရောက်သည်နှင့် သင်တန်းများ ကုမ္ပဏီ အလုပ်အကိုင်များဖြင့် အချိန်ကို အသုံးချနေချိန်၊ အနာဂတ်မျှော်လင့်ချက်များ တောက်ပနေချိန်တွင် နယ်မြို့များရှိ အချိန်ပိုနေသော လူငယ်များအတွက် မူးယစ်ဆေးက အစားထိုးစရာတစ်ခု ဖြစ်လာခဲ့သည်။ လူငယ်လူရွယ်များ ပါဝင်နိုင်သည့်အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားမကောင်းသေးခြင်း၊ လူငယ်များအတွက် အားကစားကွင်း မရှိခြင်းတို့နှင့်လည်း ဆိုင်သည်။ လူငယ်အချို့ကမူ တက္ကသိုလ်ရောက်မှ ပျက်စီးရခြင်း ဖြစ်သည်။ ဥပမာ - မြစ်ကြီးနားတက္ကသိုလ် ဆိုလျှင် မူးယစ်ဆေးသုံးစွဲသူ ကျောင်းသား/သူ များပြားခြင်းကြောင့်ဆေးတက္ကသိုလ်ဟုပင် ဒေသခံများက အမည်ပေးထားကြသည်။ အချို့လူငယ်များကမူ အိမ်တွင်းရေး အဆင်မပြေခြင်း၊ မိဘများနှင့် ကွဲကွာခြင်း(သို့) လူကြီးမိဘများ၏ တင်းကြပ်သည့် ထိန်းချုပ်မှုကို မခံနိုင်၍ ထွက်ပေါက်ရှာခြင်းတို့ကြောင့်လည်း ဖြစ်သည်။

မူးယစ်ဆေးဝါးရောင်းသူများတွင်လည်း အချို့က သုံးစွဲရာမှတစ်ဆင့် ပြန်လည်ရောင်းချသူများ ဖြစ်လာကြသည်။ ကိုယ်တိုင် မသုံးစွဲသော်လည်း မိမိအကျိုးစီးပွားအတွက် မူးယစ်ဆေးဝါး သယ်ယူသူ၊ ဖြန့်ဖြူးရောင်းချသူများလည်း ရှိသည်။ အထူးသဖြင့် ဆေးဆိုင်အချို့နှင့်လည်း ပတ်သက်မှုရှိသည်ဟု ဆိုသည်။

တစ်ချိန်က မူးယစ်ဆေးထိုးသူများအား ဆေးထိုးအပ်များ မရောင်းချရန် ကျန်းမာရေးဌာနက ညွှန်ကြားခဲ့ဖူးသည်။ ထိုအခါ သုံးစွဲသူများက အပ်တစ်ချောင်းတည်း လက်ဆင့်ကမ်း ပေါင်းနှံသုံးစွဲခြင်းကြောင့် HIV/AIDS ကူးစက်ရောဂါဖြစ်ပွားမှု များပြားလာခဲ့သည်။ သည့်နောက်တွင်ကား မူးယစ်ဆေးသုံးစွဲသူများ လာရောက်လျှင် ဆေးဆိုင်၊ ဆေးခန်းများတွင် တစ်ခါသုံး ဆေးထိုးအပ်များ ရောင်းချပေးရန်(သို့) အခမဲ့ပေးရန် ညွှန်ကြားချက်ပြင်ဆင်ထုတ်ပြန်ခဲ့ရသည်။ တစ်ချိန်က မြန်မာရဲများက ပြည့်တန်ဆာဖမ်းဆီးရာတွင် ကွန်ဒုံးများကို သက်သေခံအဖြစ် တင်သွင်းသောကြောင့် ပြည့်တန်ဆာများက ကွန်ဒုံးအသုံးမပြုတော့သကဲ့သို့ပင် ဖြစ်သည်။

ယခုအခါဖမ်းဆီးအရေးယူမှုများကြောင့် မူးယစ်ဆေးဝါးဈေးနှုန်း မြင့်မားလာသည်ဟု သိရသည်။ ဈေးနှုန်းမြင့်မားလာသည့်အခါ မူးယစ်ဆေးဝါး အလွန်အကျွံစွဲနေသူများအတွက် ခက်ခဲလာသည်။

ဤသည်ကလည်း ပြဿနာတစ်ခုဖြစ်သည်။ သာမန်လူများက ထမင်းတစ်ရက်မစားလျှင်ပြဿနာမရှိသော်လည်း မူးယစ်ဆေးဝါး ပုံမှန်သုံးစွဲနေသူများမှာ တစ်ရက်တလေ မသုံးရလျှင် မိသားစုနှင့်ပတ်ဝန်းကျင်ကို အကြမ်းဖက်တတ်ကြခြင်းနှင့် စိတ်မမှန်ခြင်းများ ဖြစ်တတ်ကြသည်။

ထိုအခါ မူးယစ်ဆေးဝါး ပပျောက်ရေး လုပ်ဆောင်သည့်နည်းတူ သုံးစွဲပြီးသူတို့အတွက် စနစ်တကျ ဆေးဖြတ်ပေးရန်၊ ပြန်လည်ထူထောင်ရေးများ လုပ်ဆောင်ဖို့၊ မိမိဘဝကို ပြန်လည်တန်ဖိုးထားတတ်ရန် လုပ်ဆောင်ခြင်းများ လိုအပ်လာပြန်သည်။

စာသင်ကျောင်းများနှင့် တက္ကသိုလ်ကျောင်းများတွင် ဤကိစ္စကို အလေးထားဆောင်ရွက်ရန် လိုအပ်ပေသည်။ အထူးသဖြင့် တက္ကသိုလ်ကျောင်းများတွင်

စာ - ၁၂ သို့ »

# ၂၀၀၈ ဖွဲ့စည်းပုံ၊ မြစ်ဆုံနှင့် မြန်မာ့ငြိမ်းချမ်းရေး




မြန်မာ ပြည်သူလူထုက ရွေးချယ် တင်မြှောက်ထားသော အစိုးရသည် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေပြင်ဆင်မည်ဟု အတိအလင်း ပြောကြားကာ ၂၀၁၅ ရွေးကောက်ပွဲကို ပါဝင်ခဲ့သည်။ သို့သော် အစိုးရသက်တမ်း နှစ်နှစ်ကျော်သည်အထိ ပြုပြင်နိုင်ခြင်းရှိမရှိကို မသိရ၍ ပြည်သူတချို့ ဝေဖန်လာကြ၏။ ထို့အတူ ဧရာဝတီ မြစ်ဆုံဆည် ကိစ္စကိုလည်း ပြည်သူအားလုံးက လုံးဝရပ်ဆိုင်းလိုက်သည်ဆိုသော သတင်းမျိုးကို ကြားလိုကြသည်။ ထိုနည်းတူစွာပင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုလည်း ပြည်သူများက အောင်မြင်သည့် ရလဒ်အဖြစ် မြင်ချင်ကြားချင်စိတ် စောနေကြသည်။ သို့သော် ဤကိစ္စအားလုံးကို တစ်ပြိုင်နက် လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန်မှာ လွယ်ကူသည့်ကိစ္စမဟုတ်ကြောင်း ပြည်သူအများစု သိပြီး ဖြစ်ပေလိမ့်မည်။ ကစဉ့်ကလျားဖြစ်နေသောတိုင်းပြည်ကိုဦးဆောင်ဦးရွက်ပြုနေရသည့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နေရာတွင် မြန်မာနိုင်ငံ တိုင်းရင်းသား (၁၃၅) မျိုးထဲမှ ခေါင်းဆောင်နိုင်မည့် တစ်ယောက်ယောက်ကို အစားထိုးကြည့်စေချင်သည်။ မည်သူဖြစ်နိုင်ပါမည်နည်း။ အကယ်၍ ဖြစ်နိုင်သူမရှိပါက အပြုသဘော ဝေဖန်ထောက်ပြခြင်းအားဖြင့် အစိုးရကို ပြည်သူလူထုက ဝိုင်းဝန်းကူညီ လုပ်ကိုင်ဆောင်ရွက်မှသာ အများပြည်သူ မျှော်လင့်စောင့်စားနေသော ပန်းတိုင်ကို အမှန်တကယ် ရောက်ရှိပေလိမ့်မည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် ပြည်သူ့အစိုးရအဖွဲ့ တက်လာကာစမှစ၍ ၂၁ ပင်လုံညီလာခံကို ကျင်းပကာ တိုင်းပြည်ထာဝရ ငြိမ်းချမ်းရေးရရန် အစဉ်တစိုက် ကြိုးပမ်းလာခဲ့သည်။ သို့သော် တပ်မတော်က မြောက်ပိုင်းမဟာမိတ်တောင်တန်းသား လက်နက်ကိုင်များကို အချိန်နှင့်တစ်ပြေးညီဆိုသကဲ့သို့ ထိုးစစ်ဆင်သည်ကို တွေ့ခဲ့ရ၏။ ယနေ့အချိန်အထိ ရလဒ်ကောင်း တစ်စုံတစ်ရာကို ပြည်သူ့ရှေ့မှောက် ချမပြနိုင်သေး။ သို့သော် ပြည်သူ့အစိုးရအား မီးစတစ်ဘက် ရေမှုတ်တစ်ဘက် ဆွဲကိုင်ထားဟန် ခွင်ဆင်ကျုံးသွင်းနေသေးသည့် အာဏာရှင်တစ်စု၏ ဩဇာအရှိန်မသေသေးသည်ကို ပြည်သူလူထု အနေနှင့် ကြီးစွာသတိထားသင့်ပေသည်။

ထိုသို့ ၂၁ ပင်လုံညီလာခံမှနေ၍ တိုင်းပြည်ထာဝရ ငြိမ်းချမ်းရေးရရန် စိုက်လိုက်မတ်တတ် ကြိုးစားနေရာမှပင် ပြည်သူ့ကိုယ်စားလှယ် လွှတ်တော်အမတ်များက ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရန်အဆိုကို တင်သွင်းရန် ကြိုးပမ်းလာစဉ် အတွင်းမှာပင် ပြည်သူလူထုများ ကန့်ကွက်နေသည့် မြစ်ဆုံဆည်စီမံကိန်းပြန်လည်စတင်ရန် ဝါဒဖြန့်လျက် ပြည်သူလူထု ဆူပူမှုဖြစ်အောင် သွေးထိုးလှုံ့ဆော်လာသည်ကိုတွေ့ရ၏။ ထို့အပြင် အများပြည်သူ လိုလားနေသည့် ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ရန်အတွက် နေပြည်တော် လွှတ်တော်အတွင်း အဆိုတင်သွင်းသည့် ၂၉၊ ၁၊ ၂၀၁၉ နေ့တွင် တစ်ပြိုင်တည်း ကျင်းပသော Invest Myanmar Summit 2019 ကွန်ဖရင့်တွင် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းက မြစ်ဆုံနှင့်ပတ်သက်၍ ၎င်း၏သဘောထားတစ်ရပ်ကို ထုတ်ဖော်ပြောကြားသွားခဲ့သည်။ ယင်းမှာ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့သည့် မြစ်ဆုံဆည် တည်ဆောက်ရေးစီမံကိန်းကို အစွယ်အစားလျှော့ချခြင်း သို့တည်းမဟုတ် နေရာရွှေ့ပြောင်းပေးခြင်းအပြင် အခြားစီမံကိန်းတစ်ခုခုနှင့် အစားထိုးပေးနိုင်ရေးတို့ကို စဉ်းစားနေကြောင်း ဖြစ်သည်။ အဆိုပါ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် အရပ်သားအစိုးရတစ်ဖြစ်လဲ တပ်မတော်သားဟောင်း ကြံ့ခိုင်ရေးပါတီဝင်လည်း ဖြစ်၏။ သို့သော် မြစ်ဆုံဆည် ကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသော အစိုးရက ပြည်သူလူထုကို တစ်လုံးတစ်ပါဒမျှ ဖွင့်ဟပြောဆို ချပြနိုင်ခြင်း မရှိသေးကြောင်းကို သတိပြုထားသင့်ပေသည်။ ဤ ကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံက "ကျွန်မတို့အစိုးရဆိုတာ ကိုယ့်သဘောနဲ့ကိုယ် ဘယ်အရာမှ ဆုံးဖြတ် လုပ်ကိုင်ခွင့်မရှိပါဘူး" ဟု ပြောကြားထား၏။

ထို့ကြောင့် မြစ်ဆုံဆည် ကိစ္စနှင့် ပတ်သက်ပြီးပြောရလျှင် စစ်အာဏာရှင်များက ၂၀၀၆ ခုနှစ်တွင် တရုတ်နှင့် နှစ်နိုင်ငံသဘောတူ စာချုပ်ချုပ်ထားခြင်း ဖြစ်သည်။ မြန်မာပြည်သူလူထုက ရွေးကောက် တင်မြှောက်ထားသည့် အစိုးရထံ တရုတ်အစိုးရဘက်က စာချုပ်ပါ အချက်အလက်များကို မှန်ကန်တိကျစွာ ချပြနိုင်တာမျိုး မရှိသကဲ့သို့ မြန်မာ စစ်အာဏာရှင်များဘက်က တာဝန်ယူ ချပြနိုင်သည့် အနေအထား လုံးဝ မရှိခြင်းကြောင့် ပြည်သူအချင်းချင်း ညီညီညွတ်ညွတ်ရှိကြရန် အရေးတကြီး လိုအပ်နေပေသည်။ ထို့အပြင် မြန်မာအစိုးရအနေဖြင့် စာချုပ်ပါ အချက်အလက်များနှင့် ပတ်သက်ပြီး တိတိကျကျ မသိရသေး၍ သော်လည်းကောင်း နှစ်နိုင်ငံ သဘောတူစာချုပ် ဖြစ်ခြင်းကြောင့် ဥပဒေနည်းလမ်းနှင့်အညီ ဖြေရှင်းရမည် ဖြစ်ခြင်းကြောင့် လည်းကောင်း ကြန့်ကြာနေခြင်းလည်း ဖြစ်နိုင်ကြောင်း သုံးသပ်ရန် လိုအပ်ပေလိမ့်မည်။ ဤအတောအတွင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးကလည်း မြစ်ဆုံစီမံကိန်းကို ပြန်မစလျှင် မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ လျော့ကျသွားနိုင်သည်ဟု ခြိမ်းခြောက်သည့်သဘော သက်ရောက်သည့်စကားကို ပြောကြားခဲ့သေးသည်။ ထို့ကြောင့် မြန်မာပြည်သူများအနေဖြင့် တရုတ်နိုင်ငံမှ ထုတ်လုပ်လျက်ရှိသည့် ကုန်စည်များကို တတ်နိုင်သမျှ လျှော့သုံးနိုင်အောင် ကြိုးစားခြင်းဖြင့် ပြည်သူ့အစိုးရကို ဝိုင်းဝန်းကူညီရန် ကြိုးစားသင့်ပေလိမ့်မည်။

ထိုကဲ့သို့ အစစအရာရာ ရှုပ်ထွေးပွေလီနေသည့် အခြေအနေတွင် ပြည်သူ့ကိုယ်စားလှယ် လွှတ်တော်အမတ်များက ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရန် အဆိုတင်သွင်းခြင်းအားဖြင့် ပြည်သူလူထု ထံပေးထားသည့်ကတိကို အကောင်အထည်ဖော်ရန် အလှည့်အပြောင်းတစ်ခုကို ချိုးကွေ့လိုက်ကြ၏။ ဤ အခြေအနေတွင် ပြည်သူလူထုက ရွေးကောက် တင်မြှောက်ထားခြင်းမဟုတ်သည့် လွှတ်တော်တွင်း တပ်မတော်သား ၂၅ ရာခိုင်နှုန်းလုံး တစ်ဦးမကျန် ထ၍ကန့်ကွက်သည်ကို ပြည်သူအပေါင်း သိရှိပြီးဖြစ်သည်။ ထိုသို့ကန့်ကွက်ရခြင်း အကြောင်းရင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံစာအုပ် အခန်း (၁၄)၊ ပုဒ်မ(၄၄၅)ပါ စာပိုဒ်- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီတို့၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များကိုလည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကိုလည်းကောင်း ဆက်ခံသည်။ ယင်းအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အစိုးရအဖွဲ့ဝင် တစ်ဦးဦး၏ တာဝန်အရ ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် ယင်းတို့အား တရားစွဲဆိုခြင်း အရေးယူခြင်းမရှိစေရ" ဟု ရေးဆွဲထားသော ပုဒ်မအရ အာဏာရှင်တစ်စု၏ တာဝန်နှင့် ရပိုင်ခွင့်များကို ဆက်ခံရသည်ဟု အထင်ရောက်နေခြင်းကြောင့် ဖြစ်နိုင်သည်။

သို့သော် ပြည်သူ့အစိုးရဘက်က ပြင်ဆင်ရန် ပြည်သူလူထုကို ကြေညာထားသည့် အချက်များမှာ - ၂၀၀၈ ဖွဲ့စည်းပုံပါ - အခန်း(၁)မှ ပုဒ်မ-၆(စ)နိုင်ငံတော်သည် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက် ဦးတည်သည်"ဟူသော အချက်အပါအဝင် အခန်း(၃)မှ ပုဒ်မ - ၅၉(ဃ) နိုင်ငံတော် အရေးအရာများဖြစ်သောနိုင်ငံရေး၊အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး စသည့် အမြင်များ ရှိရမည်။ အခန်း (၄)၊ ပုဒ်မ - ၁၀၉(ခ)၊ ၁၄၁ (ခ)၊ ၁၆၁(ဃ)တို့တွင် ရေးသားထားသော တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က တပ်မတော်သား(၂၅%)ကို လွှတ်တော်အတွင်း ခန့်အပ်တာဝန်ပေးနိုင်ပြီး ခန့်အပ်ထားသော တပ်မတော်သား ကိုယ်စားလှယ်များကို အငြိမ်းစားယူရန် (သို့မဟုတ်) နုတ်ထွက်ရန် မလိုဟု သတ်မှတ်ထားသော ပုဒ်မများ၊ အခန်း(၅)၊ ပုဒ်မ - ၂၃၂ (ခ/၂)ပါ ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနများအတွက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို ရယူပြီး နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ရမည်ဟု ရေးဆွဲထားသော ပုဒ်မများ၊ အခန်း(၅)၊ ပုဒ်မ ၂၃၂(ဃ) ပြည်ထောင်စုဝန်ကြီး၏အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါကပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော် သမ္မတက အမည်စာရင်း တင်သွင်းသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခြင်းမရှိစေရဟု သတ်မှတ်ထားသည့် ပုဒ်မ၊ အခန်း(၅)၊ ပုဒ်မ - ၂၆၂(က/၂)(ခ)၊ ပုဒ်မ - ၂၆၄(ခ/၁/၂)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိသည့် တပ်မတော်သားများ၏ အမည်စာရင်းကို စု

# ပင်လုံပွဲသဘင် ကစားဝိုင်းနှင့် သတင်းစာဆရာများ

**အင်ခိုင်ဘွမ်ရေးသားသည်။**

ဝန်ကြီးချုပ် ဦးနုသည် ကချင်ပြည်နယ် မနောင်ပွဲဆင်နွှဲရန် အစိုးရအဖွဲ့ဝန်ကြီးများ၊ ရန်ကုန်-မန္တလေးမှ သတင်းစာဆရာ၊ စာရေးဆရာများကို ခေါ်ဆောင်ခဲ့သည်။ ထိုစဉ်က အိုးဝေ ဦးညိုမြ၊ ဂျာနယ်ကျော်မမလေး၊ သော်တာဆွေ၊ မင်းရှင်စသော သတင်းစာဆရာ၊ စာရေးဆရာများ ပါဝင်ခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်သည် ပင်လုံညီလာခံသဘင်ကို ဆင်နွှဲရန် ရှမ်းပြည်နယ်သို့ ချီတက်ခဲ့ပြန်သည်။ ပင်လုံညီလာခံသဘင်သို့ တက်သော ဧည့်သည်တော်များတွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းဟူ၍ သုံးဌာနခွဲခြားထားသည်။ ပထမတန်း ဧည့်သည်တော်များတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နယ်ရှင်စော်ဘွားများ၊ သတင်းစာဆရာများ၊ အရာရှိကြီးများ ပါဝင်လေသည်။

ပင်လုံ ညစျေးတန်းတွင် ရှမ်းမလေးများ ချောမောကြသည်။ သို့သော် သတင်းစာဆရာများမှာ "ခုနေခါများ ရေနွေးပက်မှာကို အနုမြူဗုံးထက် ကြောက်ပါ့ကွာ"ဟု ညည်းညူကြသည်။ "ဒို့များတော့ ချမ်းလွန်းလို့ တုန်နေတာပဲ။ အမွေးထည်နဲ့ဇနီးတွေ ကိုယ်စီပါတဲ့ ဝန်ကြီးစောခွန်ချိုတို့ ဦးညိုမြတို့ သခင်ဝတင်တို့တော့ ဖိမ်နေမှာပဲကွာ။ တောက် - မနာလိုလိုက်ထာ"ဟု ဆိုကြသည်။ ရှမ်းပြည်နာမည်ကြီး ကစားဝိုင်းများတွင် သတင်းစာဆရာများ လိုက်လံလေ့လာကြသည်။ သတင်းစာဆရာများနှင့်အတူ ပါလာသော ဝန်ကြီးမှာ ဆမားဒူဝါဆင်ဝါးနောင်ဖြစ်လေသည်။ ဝန်ကြီးနှင့် သတင်းစာဆရာများ အဖွဲ့သည် ရှမ်းမလေးတစ်ဦး ဒိုင်လုပ်သော ကစားဝိုင်းသို့ သွားထိုင်ကြသည်။ ချစ်စရာလည်းကောင်း၊ သဘောလည်းကောင်းသော ရှမ်းမလေးဝိုင်းတွင် တစ်မူးတစ်ပဲ ထိုးကြသည်။ သတင်းစာဆရာများ ဝိုင်းအော်ထိုးကြ၍ အခြားဝိုင်းမှ ရှမ်းများ ဝိုင်းအုံလာကြသည်။

"ချမ်း-အေး-မတုန်၊ ချစ်မီးလှုံ-၊ စွမ်းကုန်နောက်ပိုး ထွက်လေသည်-၊ လူလုံပြန်ရန်တဲဧည့်ခံ"ဟု ၁၆ ကောင်ထီက အတိတ်စိမ်းထွက်သည်။ အတိတ်စိမ်းကို ဝိုင်းတွတ်ကြရာ ချမ်းသောရာသီတွင် မိတ်လိုက်၍ ကျားဖြစ်စေ၊ ကြောင်ဖြစ်စေ ဖြစ်ရမည်။ လူလုံးပြန်ရန် တဲဧည့်ခံဟု ဆိုပြန်သည်တွင် အိမ်စောင့်ခွေးလည်း ဖြစ်နိုင်သည် စသည်ဖြင့် ဝိုင်းတွတ်ကြသည်။ ဝန်ကြီး ဆမားဒူဝါဆင်ဝါးနောင်မှာ တဲဧည့်ခံဟု ဆိုထားသဖြင့် ခံကို ယူပြီး ခွေး-ခို-ခါ တစ်ခုခုဖြစ်မည်ဟု တွက်လေသည်။ နောက်ဆုံး ထင်ရာဝိုင်းထိုးပြီး ဖွင့်သောအခါ ကျားဖြစ်နေ၍ သတင်းစာဆရာ သာကဒိုးတို့လူစု ပွဲလေသည်။

ထို ပင်လုံသဘင်ကစားဝိုင်းတွင် လှည့်လည်နေသူများဝန်ကြီးများတွင် ဝန်ကြီးဗိုလ်ခင်မောင်ကလေးလည်း အပါအဝင်ဖြစ်သည်။ ဗိုလ်ခင်မောင်ကလေးသည် ပင်လုံညီလာခံတွင် ကချင်များ ပါဝင်လက်မှတ်ထိုးနိုင်ရန် ကချင်ခေါင်းဆောင်များနှင့် တွေ့ဆုံကြိုးပမ်းခဲ့သူတစ်ဦးဖြစ်သည်။ ဝန်ကြီးဗိုလ်ခင်မောင်ကလေး ဂျောက်ဂျက်ဝိုင်းတွင် လူထုနှင့်ရောနှော၍ သူ၏သားကလေးနှင့်အတူ တစ်မူးတစ်ပဲဝင်ထိုးလေသည်။ ထိုစဉ် ဝန်ကြီးကစားဝိုင်းဝင်သည်ကို အသာချောင်းနေသော သတင်းစာဆရာများကပုန်းကွယ်ကြည့်ရှုနေရာမှ ဖျပ်ကနဲဓါတ်ပုံရိုက်ယူလိုက်သည်။ ဝန်ကြီးလည်း မျက်လုံးမျက်ဆံပြူးကာ "ဟေ့ ငါမပါဘူးကွ၊ ငါမပါဘူးကွ"ဟု ဆိုကာ ကစားဝိုင်းမှထွက်တော့သည်။ ဝန်ကြီးနောက်မှ အသာကြည့်နေသော ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်လည်း လိုက်ပါ ထွက်ခွာသွားလေတော့သည်။



ဝန်ကြီးဗိုလ်ခင်မောင် (ကလေးလက်ညှိုးထိုးနေသူ)

ထိုကိစ္စကို ဗိုလ်ခင်မောင်ကလေးက "ကျုပ်တော့ ကစားဝိုင်းမှာ ဓာတ်ပုံထိသွားတယ်ဗျာ. ."ဟူ၍ အခြားဝန်ကြီးများကို ပြောပြရာ အစိုးရပိုင်းတွင် အတော်ဂယက်ထသွားခဲ့သည်။ ဆဖပလမှလူများသည် သတင်းစာဆရာများကို ဒေါကန်ကြကုန်သည်။ အမှန်ကား သတင်းစာဆရာများ၏ ရည်ရွယ်ချက်ကို ဖဆပလမှ လူများက အထင်လွဲခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် "ပင်လုံ သဘင်ကစားဝိုင်းများ၌ ဝန်ကြီးကိုယ်တိုင်ကစားနေပုံ"ဟုဆိုကာ သတင်းစာမှ အုပ်ထည့်မည်ကို လန့်ကြခြင်း ဖြစ်ပေသည်။ သတင်းစာ ဆရာများကမူ "ပင်လုံသဘင်တွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းလူထုနှင့်ရင်းနှီးစွာ ရောနှောသွားလာနေထိုင်ရာ ကစားဝိုင်းတွင် ဝန်ကြီးတစ်ဦးလူထုနှင့်ရော၍ တစ်မူးတစ်ပဲ ထိုးနေပုံ"ဟူ၍ အသားပေးဖော်ပြလိုသောကြောင့် တကယ့်ပြမှုနေပုံ ဓာတ်ပုံအစစ်ကို ရိုက်ယူကြခြင်းဖြစ်ပေသည်။ နောက်ဆုံး သတင်းစာဆရာများက ၎င်းတို့၏ ရည်ရွယ်ချက်ကို ထုတ်ဖော်ဖွင့်ဟချိန်မှ ဝန်ကြီးများလည်း နားလည်သဘောပေါက်ကြလေတော့သည်။

ရည်ညွှန်း - ပင်လုံသဘင် (သာကဒိုး)

---

စာ - ၁၀ မှ

စည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီမှု ရယူရမည်ဆိုသော ပုဒ်မများ၊ အခန်း(၅)၊ ပုဒ်မ- ၂၀၀ ပါ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို စုစုပေါင်း (၁၁)နေရာဖြင့် ဖွဲ့စည်းထားပြီး ဒုတိယသမ္မတ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန အစရှိသည့် ခြောက်နေရာကို တပ်မတော်က ချုပ်ကိုင်ထားပြီး နိုင်ငံတော် လုံခြုံရေးကောင်စီတွင် ပြည်သူ့အစိုးရအပေါ် မဲအသာစီးရယူသိမ်းပိုက်ထားသော ပုဒ်မ၊ အခန်း(၇)၊ ပုဒ်မ - ၃၃၈ ပါ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည် ဆိုသော ပုဒ်မ၊ အခန်း(၁၂)၊ ပုဒ်မ - ၄၃၆ ပါပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ (၇၅%)ကျော်ထောက်ခံမဲရရှိမှ ဖွဲ့စည်းအုပ်ချုပ်ပုံကို ပြင်ဆင်ရမည်ဟုဆိုကာ ပြည်သူလူထုက ရွေးကောက် တင်မြှောက်ထားခြင်း မရှိဘဲ လွှတ်တော်တွင်း တပ်မတော်သားနေရာ(၂၅%) ချုပ်ကိုင်ထားသည့် ပုဒ်မ၊ အခန်း(၁၁)၊ ပုဒ်မ - ၄၁၂(ခ)၊ ၄၁၅ ပါ ပြည်ထောင်စု လွှတ်တော်သက်တမ်း ကုန်ဆုံးချိန်တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တာဝန် ခန့်အပ်ထားသူမှ လုပ်ငန်းကိစ္စ မပြီးပြတ်သေးကြောင်း တင်ပြလာပါက သက်တမ်း(၆)လနှစ်ကြိမ်တိတိ သက်တမ်းတိုးပေးနိုင်သော ပုဒ်မ အစရှိသည်များကို ပြင်ဆင်ရန် ပြည်သူ့အစိုးရက တိုင်းပြည်ကို တင်ပြထား၏။ သို့သော် တပ်မတော်ဘက်မှ ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်သည်ဆိုသော ပြယုဂ်လောက်သာ ပြုပြင်ခွင့်ပေးပြီး တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်နေသော ပုဒ်မများကို ပြင်ဆင်ခွင့်မပေးဘဲ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းချုပ်လာနိုင်သည့် သဘောမျိုးကို ပြည်သူလူထု တစ်ရပ်လုံးက မျက်ခြေမပြတ် စောင့်ကြည့်အကဲခတ်ပြီး ပြည်သူ့အစိုးရကို ဝိုင်းဝန်းနိုင်ရန် ညီညွတ်ကြဖို့များစွာအရေးကြီးပေသည်။

ထိုနည်းတူစွာပင် ပြည်သူ့အစိုးရနှင့် ကေအိုင်အေတို့အကြား ပထမဆုံး တရားဝင်ဆွေးနွေးပွဲ ပြုလုပ်ရန် သဘောတူညီမှု ရရှိထားပြီးဖြစ်သောကြောင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး တောင်တန်းသား လက်နက်ကိုင်များအနေဖြင့်လည်းကောင်း တိုင်းပြည်လူထု အနေဖြင့်လည်းကောင်း ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်နိုင်ရေးနှင့် မြစ်ဆုံကိစ္စများကဲ့သို့ပင် အခက်အခဲများ ရှိနိုင်သည့် အခြေအနေမှန်ကို သုံးသပ်လျက် ဤ ကြီးမားသော အခက်အခဲသုံးရပ်ကို ကျော်နိုင်လျှင် အများပြည်သူမျှော်လင့်စောင့်စားနေသည့် တည်ငြိမ်တိုးတက်သော နိုင်ငံတစ်ခုကို နေ့ချင်းညချင်း ပိုင်ဆိုင်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြမည်ဖြစ်ကြောင်း တင်ပြအပ်ပေသည်။ ❑

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၄ ၊ ၂၀၁၉)

# ပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖွဲ့ မိုးညှင်းအကျဉ်းထောင်တွင် စစ်ဆေးရာ အချုပ်ကားတစ်စီး ထပ်မံလိုအပ်နေကြောင်း အကျဉ်းသားများ တင်ပြ

မိုးညှင်း၊ ဇန်နဝါရီ ၂၉

မိုးညှင်းအကျဉ်းထောင်တွင် အချုပ်ကျခံနေရသူများကို မိုးညှင်းမြို့နယ်တရားရုံးနှင့်ခရိုင်တရားရုံးသို့ နေ့စဉ် ပို့ဆောင်ပေးနေသော အချုပ်ကားမှာ တစ်စီးတည်းရှိနေသဖြင့် အချုပ်သားများ၏ အခွင့်အရေး ဆုံးရှုံးနေရသည်ဟု အကျဉ်းသားများက တင်ပြခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးအဖွဲ့မှ မိုးညှင်းအကျဉ်းထောင်ရှိ အကျဉ်းသားများ၏ နေထိုင်မှု အခက်အခဲများနှင့် ပတ်သက်ပြီး ဇန်နဝါရီလ ၂၈ ရက်နေ့က သွားရောက်စစ်ဆေးခဲ့စဉ် အကျဉ်းသားများက တင်ပြခဲ့ကြကြောင်းသက်ဆိုင်ရာတာဝန်ရှိသူထံမှ သိရသည်။

"မိုးညှင်း တရားရုံးကို တရားရင်ဆိုင်ဖို့ သွားရတဲ့အချိန် အချုပ်ကားက သေးနေပြီး အချုပ်သားတွေက များနေတယ်။ ကားထဲမှာ မတ်တပ်ရပ် အနေအထားနဲ့ လိုက်ရတယ်။ လက်ထိပ်တွေ ခတ်ထားကြတော့ လမ်းမကောင်းတဲ့ နေရာတွေမှာ ဆိုကားဘရိတ်အုပ်တော့ အချင်းချင်း ဆောင့်မိကြတယ်၊ တရားရုံးကို နေ့စဉ်ထုတ်သွားတဲ့ လူဦးရေက များနေလို့ အချုပ်ကားတစ်စီးနဲ့ အဆင်မပြေဘူး ဖြစ်နေတယ်" ဟု မိုးညှင်းအကျဉ်းထောင်မှ တရားရင်ဆိုင်နေဆဲ ဖြစ်သော အချုပ်ကျခံနေရသူ ဦးဇင်အောင်က ပြောသည်။

မိုးညှင်းမြို့ မြို့မရဲစခန်းရှိ အချုပ်ကားမှာ တစ်စီးတည်းရှိသည့်ကာ နေ့စဉ်အကျဉ်းထောင်နှင့် ၉ မိုင်ခန့် ကွာဝေးသော တရားရုံးသို့ လိုက်ပါနေရသည့် အချုပ်ကျခံနေသူ ဦးရေပျမ်းမျှအားဖြင့် ၈၀ နီးပါးရှိနေသဖြင့် ရဲတပ်ဖွဲ့မှ ခက်ခဲစွာ ဆောင်ရွက်နေရကြောင်း မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အမှန်တကယ် ပြောရရင် အချုပ်ကားကတော့ တကယ် လိုအပ်နေပါတယ်။ အချုပ်သားတွေက များနေပြီး ကားက သေးနေတယ်။ ကားက မကြာခဏပျက်တယ်။ ပျက်နေတဲ့ အချိန်မှာဆိုရင် အခြားကားကြီးတွေနဲ့ ငှားရမ်းပြီးလည်း အဆင်ပြေအောင် လုပ်နေရပါတယ်" ဟု မိုးညှင်းမြို့မရဲစခန်းမှ အရာရှိတစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

လက်ရှိ အချုပ်ကားမှာ မကြာခဏ စက်ချို့ယွင်းနေမှုကြောင့် တရားရုံးနှင့် ခရိုင်တရားရုံးသို့ အချုပ်ကျတရားရင်ဆိုင်နေဆဲ တရားခံများအတွက် မိုးကျချိန်တွင် လမ်းမကောင်းသည့် နေရာများ၌ အသက်အန္တရာယ်စိုးရိမ်ရသဖြင့် တာဝန်ရှိသူများမှ အချုပ်ကားတစ်စီး ထပ်မံပေးအပ်ရန် လိုအပ်နေသည်ဟု အကျဉ်းသားများက တောင်းဆိုနေကြသည်။



ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ဒေါ်ပြုံးပြုံးအေးနှင့် အတူ ကချင်ပြည်နယ် တရားရေးဦးစီးမှူး ဦးတူးမော်၊ မိုးညှင်းခရိုင် တရားသူကြီးဦးဝင်းဆောင်၊ ဒုတိယခရိုင် တရားသူကြီး ဦးဝင်းကိုကို၊ မိုးညှင်းမြို့နယ် တွဲဖက်မြို့နယ်တရားသူကြီး ဦးဝေယံအောင်တို့ လိုက်ပါလျက် မိုးညှင်းအကျဉ်းထောင်နှင့် မိုးညှင်းအချုပ်သို့ သွားရောက်ကာ အကျဉ်းသားများ၏ တင်ပြမှုအပေါ် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြပြီး အချုပ်သားများ ပို့ဆောင်ရေးအတွက် မရှိမဖြစ် ထပ်မံလိုအပ်နေသည့် အချုပ်ကားတစ်စီးရရှိရန် သက်ဆိုင်ရာသို့ တင်ပြတောင်းခံပေးသွားမည်ဖြစ်ကြောင်း မိုးညှင်းခရိုင်တရားသူကြီး ဦးဝင်းဆောင်ထံမှ သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# ၂၀၁၉ နှစ်ဦးပိုင်းတွင် ကချင်ပြည်နယ် နန့်စီးအောင် ပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ကား ၂စီး ဖမ်းဆီးရမိ



ကချင်ပြည်နယ် နန့်စီးအောင်ကျေးရွာအနီး စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ် နယ်စပ်တွင် ထားရှိသော ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယခုလ အတွင်း လိုင်စင်မဲ့ကား ၂စီး ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

အဆိုပါ လိုင်စင်မဲ့ကားများကို ကချင်ပြည်နယ်အတွင်းသို့ ဝင်ရောက်မှုမရှိရေးအတွက် တာဝန်ရှိသူများမှ စစ်ဆေးနေကြစဉ် ဇန်နဝါရီလ ၁၅ရက်နေ့က လိုင်စင်မဲ့ကားတစ်စီးနှင့် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် လိုင်စင်မဲ့ကားတစ်စီးတို့ကို အမှတ် (၁၀၁) ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ စစ်ဆေးရေးဂိတ်သို့ မြစ်ကြီးနားအေးစေတီရပ် အသက်၂၅နှစ်ရှိ မောင်. . . ဆိုသူ မောင်းနှင်လာသော YGN-6k/8744 နံပါတ် တပ်ဆင်ထားသော ဂျပန်နိုင်ငံလုပ် ATRAI Wagon ခဲရောင်ကားတစ်စီး၊ ကရင်ပြည်နယ်ကော့ကရိတ်မြို့ အမှတ်(၄)ရပ်ကွက်နေ အသက်၂၆နှစ်ရှိ မောင်. . ဆိုသူ မောင်းနင်လာသော YGN-3L/6432 နံပါတ် တပ်ဆင်ထားသော ဂျပန်နိုင်ငံလုပ် Honda Fit အဖြူရောင်ကားတို့ကို စစ်ဆေးခဲ့ရာ ယာဉ်နှင့် ပတ်သက်သော တရားဝင် မှတ်ပုံတင်ထားသော အထောက်အထားတစ်စုံတစ်ရာမျှ ပြသနိုင်ခြင်းမရှိသဖြင့် လိုင်စင်မဲ့ယာဉ်လက်ဝယ်ထားရှိ စီးနင်းမောင်းနှင်သူတို့ကို ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ -၈ တို့ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

ထွန်းထွန်း(မိုးညှင်း)

» စာ - ၉ မှ

ကျောင်းသား/သူများ မူးယစ်ဆေး နယ်မကျွံရန် တက္ကသိုလ် အာဏာပိုင်များ မည်သို့ လုပ်ဆောင်မည်နည်း၊ သုံးစွဲပါက အရေးယူမည်လား၊ ကျောင်းထုတ်ရုံမျှသာလား၊ နိုင်ငံတော်အစိုးရမှလည်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေး(လျှော့ချရေး) နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပေသည်။ ဘိန်းဖြတ်ဆေးရုံ (မူးယစ်ဆေးစွဲရောဂါကုဆေးရုံ)ကြီးများ ရှိနေသော်လည်း မိဘအများစုက မိမိဂုဏ်သိက္ခာကျဆင်းမည်ကို ရှေးရှုလျက် မိမိတို့သားသမီးများ မူးယစ်ဆေးစွဲနေလျှင်လည်း ထိုသို့သော နေရာများ မပို့ဆောင်လိုကြသည်ကိုလည်း သိထားသင့်သည်။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အရပ်ဘက်နှင့် အစိုးရအဖွဲ့အစည်းများ ပူးပေါင်းဖို့ လိုအပ်လာပြီဖြစ်သည်။ ထို့ပြင် မြို့ရွာများအတွင်း အောက်ခြေအထိ အသိပညာပေးခြင်း (awarwness)မူးယစ်ဆေး သုံးစွဲနေသူများ မူးယစ်ဆေးအလွယ်တကူ ဖြတ်နိုင်ရေးအတွက် လုပ်ဆောင်ရမည်ဖြစ်သည်။ ဘိန်းမဲ၊ဘိန်းဖြူကဲ့သို့ မူးယစ်ဆေးဝါးများသာမက ယနေ့နောက်ပိုင်း အဆမတန်များပြားလာသော စိတ်ကြွရူးသွပ်ဆေးပြား (ယာမ) များကိုလည်း နှိမ်နင်းရဦးမည်ဖြစ်သည်။

ထို့ပြင် ဆေးလိပ်နှင့် အရက် ရောင်းချခွင့်အတွက်လည်း အသုံးမဝင်သည့် ဥပဒေများ ပြင်ဆင်ခြင်း၊ ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း၊ ၎င်းတို့ ရောင်းချခွင့်အတွက် လိုင်စင်များ သတ်မှတ်ခြင်း၊ အခွန်တိုးမြှင့်ခြင်းတို့ လုပ်ဆောင်သင့်ပြီ ဖြစ်သည်။ လမ်းဘေးကွမ်းယာဆိုင်မှ အစ ဆေးလိပ်များ အလွယ်တကူဝယ်ယူ၍ ရနိုင်ခြင်း၊ အသက် မပြည့်သေးသူများက လူမြင်ကွင်းတွင် ဆေးလိပ်သောက်နေခြင်းတို့မှာ မဖြစ်သင့်တော့ပေ။

ဘိန်းဖြူ(သို့)No.4 သုံးစွဲသူများဆိုသည်မှာ အခြား မူးယစ်ဆေးဝါး မသုံးစွဲခင် ဘိန်းဖြူ(သို့) No.4 ကို အရင်ဆုံး သုံးစွဲသည် မဟုတ်ချေ။ ဆေးလိပ်၊ ဘီယာများမှ အစပြုကာ နောက်ဆုံးတွင် ဘိန်းဖြူ အကြောထဲ ထိုးသွင်းသည့်အဆင့်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် တရားမဝင် အရက်ဆိုင်များရှိနေခြင်းကိုလည်း သတိပြုသင့်သည်။ ညအချိန်မတော်တွင် အရက်သောက်စားမူးယစ်နေသည့် လူငယ်များက အုပ်စုဖွဲ့ကာ လမ်းသွားလမ်းလာများကို လုယက်မှု၊ တိုက်ခိုက်မှု စသည့်ဖြစ်စဉ်များ ရှိနေဆဲဖြစ်သည်။

အချုပ်ဆိုရသော် - မူးယစ်ဆေး ပြဿနာသည် မိမိတို့ မြန်မာနိုင်ငံအတွက် အရေးပေါ် ဖြေရှင်းသင့်သည့် စိန်ခေါ်မှုတစ်ခုဖြစ်နေသည်။ ယနေ့ပြည်သူများမှ ရွေးချယ်ခဲ့သော အစိုးရသစ်လက်ထက်တွင် ဆက်လက်ရင်ဆိုင်ရမည့် လူငယ် ရင်းမြစ် အညွန့်တုံးနေသည့် ကြီးမားသော ပြဿနာတစ်ရပ်ပင် ဖြစ်သည်။ ကျန်းမာပြီး ပညာအခြေခံသည့် လူသား အရင်းအမြစ်များ ဖြစ်ပေါ်လာရေးအတွက် ကျွန်တော်တို့သည် မူးယစ်ဆေးဝါး အန္တရာယ်ကို အမျိုးသားအဆင့် တိုက်ထုတ်ရပေတော့မည်။ အနည်းဆုံးတော့ နောင်လာမည့် မျိုးဆက်သစ်များအတွက် လုံခြုံမှုရှိသည့်ပတ်ဝန်းကျင်တစ်ခု ရရှိစေရေးပင် ဖြစ်ပေတော့သည်။

❑

# စံပြနှစ်ခြင်းအသင်းတော်ရှိ စစ်ရှောင်စခန်းတွင် နေရာကျဉ်း၍ နေထိုင်မှုအဆင်မပြေ



ဇန်နဝါရီ ၂၂

မြစ်ကြီးနားမြို့နယ် တပ်ကုန်းစံပြ နှစ်ခြင်းအသင်းတော်ရှိ စစ်ရှောင်စခန်းတွင် နေရာကျဉ်းသဖြင့် နေထိုင်ရေး အဆင်မပြေမှုများ ကြုံတွေ့နေကြောင်း သိရသည်။

စံပြ နှစ်ခြင်းအသင်းတော်က ယင်းမြေနေရာတွင် ယခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ခန်းမဆောင် အဆောက်အဦ ဆောက်လုပ်မည်ဖြစ်သောကြောင့် စစ်ရှောင်များ နေအိမ်ခန်းနှင့် အိမ်သာများကို မြေနေရာ၏ တစ်ဘက်သို့ ပြောင်းရွှေ့လိုက်ရသဖြင့် အထက်ပါအတိုင်း ကျဉ်းမြောင်းသွားရခြင်း ဖြစ်ကြောင်း ယင်း စစ်ရှောင်စခန်းတွင် နေထိုင်သူ ဒေါ်ဆိုင်းပန့်မှ ပြောသည်။

"ဒီစခန်းမှာက အရင်ကတော့ နေရာထိုင်ခင်းတွေ အရမ်းကျယ်တယ်။ ကလေးတွေ ကစားမယ့် နေရာတွေ အများကြီး ရှိတယ်။ ခုကတော့ နေတဲ့နေရာနဲ့ အိမ်သာနဲ့က ကပ်နေတယ်။ ပိုဆိုးတာက ထမင်းချက်စားတဲ့ နေရာနဲ့က ဝါးနဲ့ပဲ ကာထားတာ။ ဒါကြောင့်မို့လို့ လုံးဝ အဆင်မပြေဘူး"ဟု စစ်ရှောင်စခန်းမှ ဒေါ်ဆိုင်းပန့်မှ ပြောသည်။

စစ်ရှောင်စခန်းတွင် ယခုကဲ့သို့ ကျဉ်းကျပ်စွာနေထိုင်ရခြင်းကြောင့် ကလေးလူကြီးမကျန် ကျန်းမာရေး ထိခိုက်လာနိုင်ကြောင်းလည်း စစ်ရှောင်စခန်းမှ မဂျီးတောင်က ပြောသည်။

"ထမင်းချက်စားတဲ့ နေရာနဲ့အိမ်သာနဲ့က အရမ်းနီးတယ်လေ။ အိမ်သာတက်နေတဲ့လူနဲ့ ထမင်းချက်နေတဲ့လူက မျက်နှာချင်းဆိုင် စကားတောင် ပြောလို့ရတယ်။ ပြီးတော့ ကလေးတွေ ကစားမယ့် နေရာက လုံးဝမရှိဘူး။ အဆောက်အဦ ကွက်တိပဲ ဖြစ်နေတာ။ ကြာလာရင်တော့ ကျန်းမာရေးထိခိုက်လာနိုင်တယ်"ဟု မဂျီးတောင်က ပြောသည်။

အဆိုပါ စစ်ရှောင်မိသားစုများ အဆင်ပြေစွာ နေထိုင်နိုင်ရေး အတွက်လည်း နေရာထိုင်ခင်းများ လိုက်လံရှာဖွေနေကြောင်း စစ်ရှောင်စခန်းမှ စခန်းတာဝန်ခံ ဆရာဦးနော်ဆိုင်းက ပြောသည်။

"စစ်ရှောင်တွေ နေဖို့ နေရာရှာနေတာ ရှာလို့မရရင်တော့ နှစ်ခြင်းအသင်းတော် ဇုံနယ်ကနဲ့ လူကြီးတွေနဲ့ ဘယ်လိုပြန်ပြီး လုပ်ဆောင်မယ်ဆိုတာ ပြန်ပြီးတိုင်ပင်ပြီးမှ သိရမှာ ဖြစ်ပါတယ်"ဟု ဆရာဦးနော်ဆိုင်းမှ ဆက်လက်ပြောကြားသည်။

ယင်းစခန်းရှိ စစ်ရှောင်များသည် ၂၀၁၁ ခုနှစ် အောက်တိုလာလ ၂၇ ရက်နေ့က ဝိုင်းမော်မြို့နယ် ဘူလောက်ကျေးရွာနှင့် တာလောကြီးကျေးရွာမှ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး အိမ်ထောင်စု ၃၂ စုနှင့်လူဦးရေ ၁၆၉ ဦး ရှိကြောင်းလည်း သိရသည်။

Ah Je



မြစ်ကြီးနားသတင်း ဂျာနယ်
ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ
အပတ်စဉ် တနင်္လာနေ့တိုင်း ထွက်
ကြော်ငြာထည့်သွင်းလိုသူများ ဆက်သွယ်နိုင်သည်။
၀၉-၄၀၀၀၄၈၆၈၀၊၀၉-၄၀၀၀၁၂၁၉၃
လပေးနှစ်ချုပ် မှာယူနိုင်သည်။ Email: myitkyinajournal@gmail.com
အမှတ် (၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း – ၀၉-၂၅၉၀၇၇၄၁၅၊ ၀၉-၂၅၆၃၆၀၂၇၄၊ ၀၉-၄၂၀၀၈၅၉၂၈၊ ၀၉-၄၅၉၄၅၂၉၀၂


## Movie View

**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၁ - ၂ - ၂၀၁၉ မှ ၇ - ၂ - ၂၀၁၉ အထိ
မြန်မာရုပ်ရှင်ကို ညနေ ၃ း ၃၀ နာရီ တွင် -
**ကြာတော့သည်လည်းမောင့်စကား**

နေ့လယ် ၁၂ း ၃၀ နှင့် ည ၆ း ၃၀ နာရီ ပွဲချိန်များတွင်
**တရုတ်မလေးကိုချစ်တယ်**








## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်သစ်၊ နယ်မြေ(၅)တွင် နေထိုင်သော ဦးမြင့်ဇော်နှင့် ဒေါ်စုစုမွန်တို့၏သမီး မသက်မြတ်နိုး (၁/မကန(နိုင်)၂၁၃၉၈၅) သည် မိဘကိုအကြိမ်ကြိမ် စိတ်ဒုက္ခပေးသောကြောင့် (၄.၂.၂၀၁၉)နေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီး မသက်မြတ်နိုးနှင့် ပတ်သက်၍ တစ်စုံတစ်ရာမှ တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြင့်ဇော်နှင့် ဒေါ်စုစုမွန်


## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကချင်ပြည်နယ် ၊ မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်(၁) တွင် နေထိုင်သော ဦးဆလျားမတ် နှင့် ဒေါ်ဆဘော်လု တို့၏ သမီး မရွှေပိုင်း(၁ /မကန(နိုင်) ၁၀၅၁၁၇)သည် မိဘနှင့်မောင်နှမများ အပေါ် စိတ်ဒုက္ခပေးသောကြောင့် (၄.၂.၂၀၁၉)နေ့မှစ၍ သမီး အဖြစ်မှ စွန့်လွှတ်လိုက်ပြီး မရွှေပိုင်းနှင့် ပတ်သက် ၍ တစ်စုံတစ်ရာမှ တာဝန်ယူမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဆလျားမတ် +ဒေါ်ဆဘော်လု

# စာအုပ်စင်ကလျာ

ညီထွန်းလင်း




| မြန်မာဝတ္ထုတို (၂၀၁၈) |
|---|
| စာရေးသူ = ကလောင်စုံ |
| စာအုပ်တိုက် - စိတ်ကူးချိုချို |
| တန်ဖိုး = ၇၀၀၀ ကျပ် |

စိတ်ကူးချိုချိုစာပေတိုက်မှ ထုတ်ဝေသောတစ်နှစ်တာလက်ရွေးစင်မဂ္ဂဇင်း ဝတ္ထုတိုပေါင်းချုပ်စာအုပ် ဖြစ်သည်။ တစ်နှစ်တာအတွင်း ထွက်ရှိခဲ့သောမဂ္ဂဇင်းများမှကောင်းနိုးရာရာ ဝတ္ထုတိုများကို စိတ်ကူးချိုချို စာပေအယ်ဒီတာအဖွဲ့မှ ရွေးချယ်ကာ စိတ်ကြိုက်လက်ရွေးစင် ထွက်ရှိလာခြင်း ဖြစ်သည်။


ကလောင်သစ်ကလောင်ဟောင်းမရွေးဘဲ ၂၀၁၈ခုနှစ်အတွင်း စိတ်ကူးချိုချိုစိတ်ကြိုက်မြန်မာဝတ္ထုတို (၂၀၁၈) ကို ရွေးချယ်စုစည်းထားခြင်း ဖြစ်ပါသည်။

"ဘိုးလေးငွေ၏ အခေါင်းဇာတ်လမ်းကိုစခဲ့သူမှာ ခင်ရွှေဖြစ်သည်။ ခင်ရွှေသည် ဘိုးလေးငွေ၏ တစ်ဦးတည်းသောသားဖြစ်ပြီး ဘိုးလေးငွေ သူကြီးဘဝနှင့် ခေတ်ကောင်းစဉ်က မြို့ကျောင်းပို့ပြီး ပညာသင်စေခဲ့သဖြင့် မြို့ပေါ်တွင် လူတစ်လုံးသူတစ်လုံးဖြစ်ကာ ဌာနကြီးတစ်ခုတွင် အရာရှိကြီးတစ်ဦး ဖြစ်နေသူ ဖြစ်သည်။ ခင်ရွှေသည် အရည်အချင်း ရှိသည့် လူတော်တစ်ယောက် မဟုတ်သော်လည်း ပေါင်းတတ်သင်းတတ်နှင့် လည်ဝယ်ဝယ် ရှိသဖြင့် သူ့နေရာဌာနတွင် ဂုဏ်သရေရှိ လူကြီးတစ်ဦး ဖြစ်နေသူဖြစ်သည်။ ခင်ရွှေသည် သူ့အဖေဘိုးလေးငွေကို အလွန်ချစ်ခင်လေးစားသူ တစ်ဦးဖြစ်၏။ ဘိုးလေးငွေသည်သူ့ခေတ် သူ့အခါကတော့ အတော်ကို အစွမ်းထက်ခဲ့သူတစ်ဦးဖြစ်သည်။ ရွာငါးရွာကို အုပ်ချုပ်ရသော သူကြီးဖြစ်ပြီး အာစ လျှာစ လက်စလက်နပြင်းသူတစ်ဦး ဖြစ်ခဲ့သည်။ ဘိုးလေးငွေသည် ပညာမတတ် ဘာမတတ်နှင့် အရည်အချင်းရှိသူ တစ်ဦးမဟုတ်သော်လည်း လုပ်ရည်ကိုင်ရည်ရှိပြီး ပေါင်းတတ်သင်းတတ်သဖြင့် သူကြီးဖြစ်ခဲ့သူတစ်ဦးဖြစ်၏။

ဘိုးလေးငွေမှာ အမြော်အမြင်ရှိသူတစ်ဦးဟုတော့ ဆိုရမည်။ သူကြီးဘဝတွင် တရားသဖြင့် ရသည့်ငွေကော၊ မတရားသဖြင့်ရသည့်ငွေကော အားလုံးကို မြို့ပေါ်တွင် စုဆောင်းထားခဲ့ပြီး သားဖြစ်သူ ခင်ရွှေကိုလည်း မြို့ပေါ်တွင် ကျောင်းတက်စေကာမြို့တွင်ပင် နေခိုင်းခဲ့သည်။ သူကြီးကတော် ဒေါ်ငွေလှိုင်မှာလည်း သူကြီးထက်ပင် အမြော်အမြင်ကြီးပြီး သူကြီးထက်ပင် အလိုလောဘကြီးသူ ဖြစ်သည်။ ငယ်သည့်အမှု ကြီးအောင်၊ ကြီးသည့်အမှု ကြီးသထက်ကြီးအောင် လုပ်သည့်နေရာတွင်ရွာငါးရွာလုံးရှိလူတွေ၏ အော့နှလုံးနာခြင်း၊ ရွံရှာစက်ဆုပ်ခြင်းတို့ကို အပြည့်အဝ ခံယူရရှိခဲ့သူပင် ဖြစ်သည်။

သို့သော် သူကြီးဘိုးလေးငွေနှင့် သူကြီးကတော် ဒေါ်ငွေလှိုင်တို့မှာ အမြော်အမြင်ကြီးသည်ဟု ပြောရမည်။ သူတို့သား ခင်ရွှေ အရွယ်ရောက်လာပြီး မြို့ပေါ်တွင်လည်း လူတစ်လုံး သူတစ်လုံးဖြစ်လာချိန်တွင် သူကြီးဘဝမှအနားယူလိုက်လေသည်"။ (စာ- ၆၆ မှ)

---




| လင်းလွန်းခင် စိတ်ကြိုက်မဂ္ဂဇင်းဝတ္ထုတိုများ |
|---|
| စာရေးသူ = ကလောင်စုံ |
| စာအုပ်တိုက် = လင်းလွန်းခင်စာပေတိုက် |
| တန်ဖိုး = ၆၀၀၀ ကျပ် |

လင်းလွန်းခင် စာပေတိုက်မှ ထုတ်ဝေသော တစ်နှစ်တာ လက်ရွေးစင်မဂ္ဂဇင်းဝတ္ထုတိုပေါင်းချုပ် စာအုပ်ဖြစ်သည်။ တစ်နှစ်တာ အတွင်း ထွက်ရှိခဲ့သော မဂ္ဂဇင်းများမှ ကောင်းနိုးရာရာ ဝတ္ထုတိုများကို လင်းလွန်းခင်စာပေ အယ်ဒီတာအဖွဲ့မှ ရွေးချယ်ကာ စိတ်ကြိုက်လက်ရွေးစင် ထွက်ရှိလာခြင်း ဖြစ်သည်။ ကလောင်သစ်၊ ကလောင်ဟောင်း မရွေးဘဲ ၂၀၁၈ ခုနှစ်အတွင်း လင်းလွန်းခင် စိတ်ကြိုက်ဝတ္ထုတိုများကို ရွေးချယ် စုစည်းထားခြင်း ဖြစ်ပါသည်။

"အနောက်ရထားဆိုက်ချိန်တွင် ဆင်းသူ၊ တက်သူတို့ဖြင့် အနည်းငယ်ရှုပ်ထွေးသွားခဲ့သည်။ ဆင်းလိုသူတို့သည် အောက်သို့ ရောက်သည်နှင့် လိုရာခရီးဆက်ရန်အတွက် ဘူတာရုံအတွင်းမှ ထွက်ခွာကြချိန်၊ တက်လိုသူတို့သည်လည်း အနောက်ရထားပေါ်သို့ စုံညီစွာ ရောက်ရှိခဲ့ချိန်တွင် ရထားသည် ဥသြသံရှည်ပေးကာ ဆက်လက် ထွက်ခွာသည်။ ဘူတာရုံလေးသည် နောက်ထပ် မျှော်နေကြသူတို့ဖြင့် ဆက်လက်ကျန်ရစ်သည်။

အဝါရောင်ဝတ် အမျိုးသမီးသည် တွဲပေါ်ရောက်သည်နှင့် မျက်လုံးဝေ့ကစားရင်းနေရာလွတ်ကို ရှာသည်။ ပြီးနောက် လူတစ်ယောက်ထသွားခဲ့၍ လစ်လပ်သွားသောနေရာတွင် ဝင်ထိုင်သည်။ အနောက်ရထားသည် အဝါရောင်အမျိုးသမီးကျောခိုင်း၍ ထိုင်ရာအရှေ့တည့်တည့်အရပ်ဆီသို့ ဦးတည် ခုတ်မောင်းလျက်ရှိသည်။ အမျိုးသမီးသည် နေရာတွင်ထိုင်ပြီးမှပင်ပတ်ဝန်းကျင်ကို အကဲခတ်ရင်းက သူ၏ရှေ့ခုံတွင် မျက်နှာမူကာထိုင်နေသော အနီရောင်ဝတ် အမျိုးသမီးတစ်ဦးနှင့် မျက်လုံးချင်းဆုံသည်။ အနီရောင် အမျိုးသမီးသည်လည်း သူ၏ရှေ့မှ အဝါရောင်အမျိုးသမီးကို အကဲခတ်သည်။

အဝါရောင် အမျိုးသမီးသည် ရင်စေ့အကျႌလက်ရှည်နှင့် ချည်ထမီကို သေသပ်ကျနစွာ ဝတ်ဆင်ထားကာ ကြည့်သည်နှင့်ပင် အများကြား၌ ထူးခြားပေါ်လွင်ဟန် ရှိနေခဲ့သည်။ အဝါရောင်အမျိုးသမီးမှာ ကြည့်ကောင်းသည်ဟု အနီရောင်အမျိုးသမီးက သတ်မှတ်သည်။ ပြီးနောက် သူ့ကိုယ်သူ တစ်ဖန်ပြန်လည် အကဲခတ်သည်"။ (စာ- ၁၆၄ မှ)

## မြစ်ကြီးနားမြို့ကုန်စည်ဈေးနှုန်း

( စည်ပင်သာယာမှ ကောက်ယူထားသောဈေးနှုန်း)

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ခတ်ချို မာ/ပျော့ (၁ပြည်) | ၁၅၀၀/၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၄၀၀ ကျပ် |
| အင်းတော်မွှေး (၁ပြည်) | ၁၉၀၀ ကျပ် |
| ခတ်ချိုလုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| စောရှုတ် (၁ပြည်)ဟောင်း | ၂၂၀၀ ကျပ် |
| ကုလားကြီး (၁ပြည်) | ၁၂၀၀ ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၁၁၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၆၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၁၄၀၀၀ ကျပ် |
| ပုဇွန်ငါးပိ ရိုး/ရှယ် (၁ပိဿာ) | ၂၅၀၀/၅၀၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၂၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၁၀၀၀ကျပ် |
| မွေးမြူရေးကြက် (၁ပိဿာ) | ၆၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး (၁ပိဿာ) | ၃၀၀ကျပ် |
| မြန်မာအာလူး | ၈၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၂၀၀ ကျပ် |
| ကုလားပဲ (၁ပိဿာ) | ၂၀၀၀ကျပ် |
| ပဲစင်းငုံ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မတ်ပဲ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆံ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၈၀၀/၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၁၅၀၀/၂၀၀၀ /၁၄၀၀ |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်ပွ ခြောက် (၁ပိဿာ) | ၁၀၀၀၀ကျပ် |
| ချင်း ဗမာ | ၁၅၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |
| ပဲဆီ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| အိုင်အိုဒင်းဆား (၁ထုပ်) | ၂၀၀ ကျပ် |
| ရွှေဝါဆပ်ပြာ (၁တောင့်) | ၂၀၀ ကျပ် |
| နေကြာဆီ (၁ပိဿာ) | ၅၅၀၀ ကျပ် |
| သစ်သီးဆီ (၁ပိဿာ) | ၃၅၀၀ ကျပ် |

# မီတာခဈေးတက်မည့် အရေး ရှင်ဗွေယန်ဒေသခံများ စိုးရိမ်

ဇန်နဝါရီ ၃၀

တနိုင်းမြို့နယ်၊ ရှင်ဗွေယန်မြို့နယ်ခွဲရှိ ဒေသခံပြည်သူများသည်လာမည့်မတ်လတက္ကသိုလ်ဝင်စာမေးပွဲ ပြီးလျှင်လက်ရှိပေးဆောင်နေရသည့် မီတာခထက် ပို၍ပေးဆောင်ရတော့မည့် အခြေအနေရှိနေသဖြင့် စိုးရိမ်နေကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် လျှပ်စစ်မီးကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(EPC)က တာဝန်ယူ၍ အစိုးရမီတာနှုန်းထားဖြစ်သော တစ်ယူနစ်လျှင် ၃၅ ကျပ်ဖြင့် ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

"ကျွန်တော်တို့ ရှင်ဗွေယန်ဘက်မှာ EPC လျှပ်စစ်ကုမ္ပဏီက ၁၀ တန်း စာမေးပွဲပြီးတဲ့အထိပဲ အစိုးရဈေးနှုန်းဖြစ်တဲ့ ၃၅ ကျပ်နဲ့ ပေးမယ်လို့ ပြောတယ်။ အခုလည်း ၁၀ တန်းပြီးရင် မရတော့ဘူးဆိုရင်တော့ ဒေသခံတွေက လုပ်ငန်းရှင်ကြီးတွေလည်း မဟုတ်ဘူး။ နိုင်ငံရေးကလည်း မကောင်းတော့ စီးပွားရှာအရမ်းခက်လို့ သူတို့ပြောတဲ့ ၂၅၀ ကတော့ဘယ်လို့မှမပေးနိုင်ဘူးဖြစ်နေတယ်"ဟု ရှင်ဗွေယန်မြို့မှ ဒေသခံ ပေါင်ဆာဒွဲအောင်က ပြောသည်။

EPC အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြီးပါကရှင်ဗွေယန်မြို့လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းကို ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီထံ လွှဲပြောင်းပေးမည်ဟု အစည်းအဝေး ဆုံးဖြတ်ထားပြီး မီတာခကောက်ခံမှုကိုလည်း ထိုအချိန်မှ ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း EPC တာဝန်ခံမှ ပြောကြားထားသည်ဟု ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၂ ရက်က ရှင်ဗွေယန်မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးအပါအဝင် ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီနှင့် ဒေသခံပြည်သူများ စုပေါင်းကာကုမ္ပဏီမှတောင်းဆိုလာသည့် မီတာခ ၂၅၀ နှုန်းထားနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သော်လည်း ဒေသခံများထံမှ သဘောတူညီမှု မရသေးကြောင်း သိရသည်။

ဒေသခံပြည်သူများသည် စီးပွားရေးအကျပ်အတည်းဖြစ်နေသည့်အပြင် နေ့စဉ်စားဝတ်နေရေးလည်း ခက်ခဲနေသဖြင့် နန်းယွင်းမြို့တွင် ပေးဆောင်ရသည့် အစိုးရဈေးနှုန်းအတိုင်း တစ်ယူနစ်လျှင် ၃၅ ကျပ်ဖြင့်သာ ရရှိလိုကြောင်း တောင်းဆိုနေကြသည်။

ယခင်က ရွှေကျင်၊ ပယင်းတူးသူများ ရှိသည့်အတွက်ဒေသခံများ စီးပွားရေး အဆင်ပြေခဲ့ကြသော်လည်း လွန်ခဲ့သည့် နှစ်နှစ်ကျော်မှစ၍ ဈေးရောင်းလည်း အဆင်မပြေသည့်အပြင် တောင်ယာလည်း လုပ်ကိုင်နိုင်ခြင်း မရှိခဲ့ကြသည့်အတွက် ကုမ္ပဏီက တောင်းဆိုသည့် မီတာခကို ပေးဆောင်နိုင်မည် မဟုတ်ကြောင်း ဒေသခံများက ပြောသည်။

"လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကစပြီး ဆန်၊ ဆီ၊ ဆားတွေကိုတောင်မှ ခဲ့တမ်းနဲ့ပဲရတယ်။ ပယင်းလည်း တူးခွင့်မရှိ၊ ရွှေလည်း ကျင်ခွင့်မရှိဆိုတော့ တကယ်အရမ်းခက်ခဲနေတာ ဖြစ်တယ်။ ထမင်းမငတ်တာတောင် ရှင်ဗွေပင်ရှိလို့သာ ထမင်းမငတ်တာ ဟုတ်တယ်"ဟု ရှင်ဗွေယန်မြို့ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလင်းလင်းဦးက ယခင်နှစ်ဩဂုတ်လ ၁၃ ရက်က အဆိုပါ ရေအားလျှပ်စစ်စက်ရုံကိစ္စနှင့် ပတ်သက်၍ စုံစမ်း စစ်ဆေးမှုများကို ဆောင်ရွက်ပေးနိုင်ရန်နှင့် ယင်း ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဈေးနှုန်းချိုသာသော မီတာခနှုန်းထားဖြင့် လျှပ်စစ်ဓာတ်အားကို အမြန်ဆုံး ဖြန့်ဖြူးပေးနိုင်ရန် နိုင်ငံတော်သမ္မတထံ စာတင်ပြခဲ့ကြောင်း သိရသည်။

ရှင်ဗွေယန်မြို့တွင် ရွှေကျင်ကြသူများနှင့် ဧည့်သည်များမပါဘဲ အိမ်ခြေ ၈၀၀ နှင့် ၁၀၀၀ ကြားတွင်ရှိပြီး စားသောက်ကုန်များကို တရုတ်ချောင်းဂိတ်မှတစ်ဆင့် တင်သွင်း စားသောက်နေရကြောင်း သိရသည်။

"၁၀၀ ကျပ်ဆိုရင်တောင် မတတ်နိုင်ဘူး။ တရုတ်ချောင်းဂိတ်ဖွင့်နေလို့ တော်သေးတယ်။ အဲဒါက ပိတ်လိုက်ရင်ကတော့ ဘာမှ ဝင်တော့မှာ မဟုတ်ဘူး။ လျှပ်စစ်ဓာတ်အားထုတ်တဲ့ ချောင်းကတဝါးခချောင်းက ဖြစ်တယ်။ ရေရှည်အတွက် ကြည့်ပြီးစဉ်းစားပေးစေချင်တယ်"ဟု ရှင်ဗွေယန်ဒေသခံ ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါဒေသ လျှပ်စစ်မီးရရှိမှုအခြေအနေနှင့် မီတာခဈေးနှုန်း သတ်မှတ်မှုများနှင့် ပတ်သက်၍ မြစ်ကြီးနားမြို့ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း EPC မှ ပြည်နယ်မှူးထံသို့ တွေ့ဆုံမေးမြန်းရန် မြစ်ကြီးနားသတင်းဂျာနယ်မှ အကြိမ်ကြိမ် သွားရောက်ခဲ့သော်လည်း တွေ့ဆုံမေးမြန်းနိုင်ခြင်း မရှိခဲ့ပါ။

မွန်းမွန်းပန်

---

» စာ - ၆ မှ

သည်။

ဤကဲ့သို့ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များကို ချေမှုန်းရာ၌ မြေစာပင်များဖြစ်သော ပြည်သူလူထုကို နည်းအမျိုးမျိုးဖြင့် ရက်စက်စွာ နှိပ်စက်မှု၊ နှောင့်ယှက်မှုတို့သည် လူသားမဆန်ပေ။ တိုင်းရင်းသားများကို စည်းရုံးခြင်း မဟုတ်ဘဲ တိုင်းရင်းသားများ၏ စည်းလုံးမှုကို ဖျောက်ဖျက်နေခြင်းသာ ဖြစ်သည်။

အထူးသဖြင့် ကချင်လူမျိုးများကို ဗမာ့တပ်မတော်မှ ပြုမူဆက်ဆံမှုသည် အဆိုးဝါးဆုံး ဖြစ်သည်။ ကချင်လူမျိုးများကို နည်းမျိုးစုံဖြင့် ရက်စက်စွာ နှိပ်စက်မှုသည် ဖော်ပြရန် မတတ်နိုင်ပါ။

သာယာဝပြော၍ ထာဝရ ငြိမ်းချမ်းတိုးတက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖြစ်ရန်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များ သဘောတူထားသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်အတိုင်း ဗမာခေါင်းဆောင်များ ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိရန် အထူးလိုအပ်ကြောင်း တင်ပြလိုက်ပါသည်။ ❑

# စစ်ဘေးရှောင်များနှင့် အကူအညီပေးသူများအတွက် ကုလသမဂ္ဂမှ သုတေသနစာတမ်းပြုစု

ဇန်နဝါရီ ၃၀

ကချင်ပြည်နယ်အတွင်းရှိ ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင် ပြည်သူများ(IDPs)နှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအတွက် ကုလသမဂ္ဂ ဒုက္ခသည်များ မဟာမင်းကြီးရုံး (UNHCR)နှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(UNDP) အဖွဲ့တို့က ၂၀၁၈ ခုနှစ် မတ်လနှင့် မေလအတွင်းက သုတေသနလေ့လာမှု တစ်ခု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သုတေသနပြုစုရာမှ တွေ့ရှိချက်များကို သုတေသနလေ့လာမှုစာအုပ် ထုတ်ဝေခဲ့ပြီး ယင်းစာအုပ်တွင် ပြည်နယ်အတွင်းရှိ IDP များအတွက် အိမ်ရာ၊ မြေနှင့် ပစ္စည်းဥစ္စာများဆိုင်ရာ အခွင့်အရေးများ ရရှိရေးတွင် အဟန့်အတား ဖြစ်နေသော အရာများနှင့် ထို အဟန့်အတားများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများ ထည့်သွင်း ဖော်ပြထားကြောင်း သိရသည်။

ထို့အပြင် ထိုစာအုပ်သည် ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးသူများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက်ဦးတည်သော်လည်း မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ အခြားသော IDP များကို ကူညီရန်အတွက်လည်း အသုံးဝင်မည့် စာအုပ်ဖြစ်ကြောင်း သိရသည်။

ထို လေ့လာတွေ့ရှိချက် စာအုပ်များဖြစ်သော "ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင် ပြည်သူများ၏ အိုးအိမ်၊ မြေယာနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုဆိုင်ရာ ကာကွယ် စောင့်ရှောက်မှုနှင့် လက်လှမ်းမီရရှိမှု အခြေအနေအပေါ် လေ့လာဆန်းစစ်မှု အစီရင်ခံစာအုပ်"နှင့် "ဆွေးနွေးအကြံပြုလမ်းညွှန်စာအုပ်" မိတ်ဆက်ခြင်း အခမ်းအနားကို ဇန်နဝါရီလ ၃၀ ရက်က မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်ရှိ Amber Palace Hotel တွင် ပြုလုပ်ခဲ့သည်။

အလားတူ အခမ်းအနားမျိုးကို ပြီးခဲ့သည့်လက ရခိုင်ပြည်နယ်တွင် ပြုလုပ်ခဲ့ပြီး ကချင်ပြည်နယ်ပြီးလျှင် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ဆက်လက်ပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းမှ နယ်မြေလုံခြုံမှုရှိသော IDP စခန်းများတွင် သွားရောက်လေ့လာစဉ် IDP များက ၎င်းတို့၏ အိုးအိမ်နှင့် မြေယာပိုင်ဆိုင်မှုတို့ ဆုံးရှုံးမည်ကို စိုးရိမ်သည့်အကြောင်းများ ပြောကြပြီး ထိုစိုးရိမ်မှု အကြောင်းအရာများအား ဖြေရှင်းနိုင်မည့် နည်းလမ်းများကို အဖြေရှာနေကြကြောင်းလည်း သိရသည်။

ထိုသို့သော IDP များနှင့် ၎င်းတို့ကို ကူညီနေသောသူများအတွက် အဆိုပါစာအုပ်သည် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်းနှင့် မြေယာပြဿနာ ဖြစ်ပါက ဆက်သွယ်နိုင်သည့် အဖွဲ့အစည်းများ၊ တရားဥပဒေရင်ဆိုင်ရပါက အမှုသည် လက်ခံသည့် နမူနာဖောင်ပုံစံဥပဒေဆိုင်ရာအထောက်အကူပေးသူများ အတွက် ကျင့်ဝတ်စံနမူနာ၊ ပုံစံ(၁) လယ်ယာမြေ လုပ်ပိုင်ခွင့်လျှောက်လွှာ၊ ပုံစံ(၂) လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြေညာစာတို့ပါဝင်ကြောင်း သိရသည်။

ထို့အပြင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း (VFV) ပုံစံ (၁) ရာသီသီးနှံစိုက်ပျိုးမှု အတွက် လုပ်ပိုင်ခွင့်လျှောက်လွှာ၊ (VFV)ပုံစံ ၁(က) နှစ်ရှည်ပင် ထပ်မံတိုးချဲ့စိုက်ပျိုးမှုအတွက် လျှောက်လွှာ၊ (VFV) ပုံစံ(၂)မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုခွင့်လျှောက်လွှာ၊ ပုံစံ (က) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခွင့် လျှောက်လွှာ၊ ပုံစံ(ခ)ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်၊ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်းကို ကန့်ကွက်သည့် စာပုံစံ၊ မြေသိမ်းယူမှုကို တိုင်ကြားသည့် စာပုံစံတို့ ပါရှိကြောင်း သိရသည်။

မွန်းမွန်းပန်

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဖေဖော်ဝါရီ ၄ ၊ ၂၀၁၉ )

# အောင်လအင်န်ဆန်စိတ်ဓာတ် အောင်လအင်န်ဆန်အင်္ကျီ

စောနဒီ(မြစ်ကြီးနား)

"ဒီရုပ်တုက ကျွန်တော့်အတွက်လို့ မခံယူပါဘူး။ မြစ်ကြီးနား ဒူကထောင်ရပ်ကွက်က လူငယ်တစ်ယောက်က ကမ္ဘာ့ချန်ပီယံဖြစ်နိုင်တယ်။ ဒါ့ကြောင့် ဒီကလူငယ်အားလုံးလည်း တစ်နေ့ကျရင် ကမ္ဘာ့ချန်ပီယံ ဖြစ်လာနိုင်တယ်။ အားလုံး အဲဒီစိတ်နဲ့ကြိုးစားကြစေချင်ပါတယ်"
(အောင်လအင်န်ဆန်)

* * *

ဒီဇင်ဘာ ၁၅ ရက်နေ့က အောင်လအင်န်ဆန်ပုံတူကြေးရုပ်တု ဖွင့်ပွဲမှာ အောင်လအင်န်ဆန် ပြောခဲ့တဲ့ စကားတစ်ခွန်း ဖြစ်ပါတယ်"

MMA (One Championship) ကမ္ဘာ့ချန်ပီယံ ခါးပတ်နှစ်ခုပိုင်ရှင် ဖြစ်တဲ့ အောင်လအင်န်ဆန်ဟာ ကချင်တိုင်းရင်းသား တစ်ယောက် ဖြစ်ပါတယ်။

အသက်က ၃၃ နှစ်။

မစ်ဒယ်ဝိတ်တန်းနဲ့လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်နှစ်ခု ပိုင်ရှင်။

MMAပြိုင်ပွဲတစ်လျှောက် ၃၄ ပွဲ ယှဉ်ပြိုင်ခဲ့ရာမှာ ၂၄ ပွဲ နိုင်ထားပြီး ၁၀ ပွဲ ရှုံးနိမ့်ထားသူ။

သူ့ကို ဂုဏ်ပြုတဲ့ ကြေးရုပ်တုကြီးဟာ ၉ ပေမြင့်တယ်။ မြစ်ကြီးနား မနောင်ကွင်းမှာရှိတဲ့ မဂ္ဂယ်ခန်းမဆောင်အနီးမှာ ရှိတယ်။ သုံးလလောက် ကြာအောင် ပြုလုပ်ခဲ့တဲ့ ကြေးရုပ်တုကြီးဟာ အခုတော့ ပြည်သူလူထုရဲ့ မြတ်နိုးတန်ဖိုးထားရတဲ့ ရုပ်တုတစ်ခုအဖြစ် ဖြစ်တည်လာခဲ့ရပြီ။ ချန်ပီယံခါးပတ်ကြီးကို ကိုင်ဆောင်ထားတဲ့ ရုပ်တုကြီးပေ့ါ။ ကြေးရုပ်တုကြီးအတွက် ကုန်ကျစရိတ်ဟာ မြန်မာငွေကျပ် သိန်း ၅၀၀လောက်ရှိတယ်လို့သိရတယ်။

ထောင်သောင်း ချီနေတဲ့ ပရိသတ်ကြီးရဲ့ ပါးစပ်ဖျားမှာ "အောင်လအင်န်ဆန်၊ အောင်လအင်န်ဆန်" ဆိုတဲ့ ကြွေးကြော်သံဟာ မဂ္ဂယ်ခန်းမကြီးဝန်းကျင်ကနေ ပျံ့တက်လို့။

ပြီးတော့ တငြိမ့်ငြိမ့်စီးဆင်းနေတဲ့ဧရာဝတီရဲ့ကျောပေါ်မှာအောင်လအင်န်ဆန် ဆိုတဲ့ကြွေးကြော်သံတွေဟာ စီးဆင်းလို့။



ဒါဟာ မြစ်ကြီးနားမြို့၊ ဒူကထောင် ရပ်ကွက်က လူငယ်တစ်ယောက်ရဲ့ အောင်ပွဲ။

မြစ်ကြီးနားမြို့ရဲ့ အောင်ပွဲ။

ကချင်ပြည်နယ်ရဲ့အောင်ပွဲ။

မြန်မာလူထုရဲ့အောင်ပွဲ။

စပါးကြီးမြွေတစ်ကောင်ရဲ့ ကမ္ဘာသူ ကမ္ဘာသားတွေအပေါ်၊ပြည်သူလူထုအပေါ် ညှို့ယူဖမ်းစားနိုင်လိုက်တဲ့ အောင်ပွဲပါပဲ။

အောင်လအင်န်ဆန် သို့မဟုတ် မြန်မာ့စပါးကြီးမြွေတစ်ကောင်ပေ့ါ။

ပြီးခဲ့တဲ့ မနောင်ပွဲမှာ အောင်လအင်န်ဆန်ရဲ့ ပုံတွေပါတဲ့ အင်္ကျီတွေ ကလေးဝတ်၊လူကြီးဝတ်တွေ ရောင်းချနေတာကို တွေ့ခဲ့ရပါတယ်။

ရောင်းချသူ စျေးသည်မလေးမှာ ရောင်းလိုက်ရတာ လက်ကိုမလည်။ဟိုအရောင်လေး ပေးပါဦး၊ ဒီအရောင်လေး ပေးပါဦး။

တချို့ဆို အောင်လအင်န်ဆန်အင်္ကျီကို ချက်ချင်းဝတ်လို့။ ပြုံးလို့ပျော်လို့။ ကလေးတွေ ချစ်တဲ့ အောင်လအင်န်ဆန်။ လူကြီးတွေ ချစ်တဲ့အောင်လအင်န်ဆန်။

ပြည်သူချစ်တဲ့ အောင်လအင်န်ဆန်။

မြန်မာ ပြည်သူတွေရဲ့ အောင်လအင်န်ဆန်။

အောင်လအင်န်ဆန်ဟာ ပြည်သူလူထုရဲ့ အသည်းနှလုံးကို သိမ်းပိုက်လိုက်ပြီ။

အောင်လအင်န်ဆန်က ကချင်တိုင်းရင်းသား။ ဒါပေမဲ့ အောင်လအင်န်ဆန်ဆိုတာ အားလုံးရဲ့ အချစ်တော်၊ အားလုံးရဲ့ အသည်းစွဲ။

ပြောရရင် ငြိမ်းချမ်းရေးအတွက် အလင်းတစ်စ။

ကိုးကွယ်မှုမတူ၊ ဘာသာမတူ။ သူသူငါငါ အများက အောင်လအင်န်ဆန်ကို ချစ်လိုက်ကြတာ မြင်တော့ သူဟာ ငြိမ်းချမ်းရေးကို ခေါ်ဆောင်လာနိုင်သူ တစ်ယောက်အဖြစ် မျှော်လင့်မိတာပါပဲ။

အောင်လအင်န်ဆန်။

ဘုရားသခင်က ပေးလိုက်တဲ့လက်ဆောင်တစ်ခု။

အောင်လအင်န်ဆန်။

ငြိမ်းချမ်းရေးရဲ့ အလင်းရောင်။

ဖြစ်ပါစေ။

* * *

ခြင်္သေ့တစ်ကောင်လို။

ကျားတစ်ကောင်လို။

မိုးကြိုးပစ်သလို။

လျှပ်စီးလက်သလို။

လျှင်မြန်သူ။ သန်မြန်သူ။

သူ့ထိုးကွင်း ထိုးချက်တွေက ကမ္ဘာရော မြန်မာပါ အံ့သြရ။ ငေးယူရ။ ငေးကြည့်နေမိရ။ ငေးနေမိတော့တာပါ။ ငေးကြည့်နေရတော့တာပါပဲ။

အမဲလိုက်အက××× စင်မြင့်ထက်က××× ရှုံးနိမ့်သူလဲကျမယ် ××××။

အမဲလိုက်အကနဲ့အောင်လအင်န်ဆန်။ စည်းကမ်းနဲ့အညီ ခုန်ပေါက်နေတဲ့ မီးဆလိုက်တွေကြား မြန်မာမြန်မာဆိုတဲ့ အသံတွေ။ ကမ္ဘာ့အပြင်ဘက် ခုန်ပေါက်လို့။

မြန်မာ မြန်မာ မြန်မာ။

ဒဏ်ရာတွေ ××× နာကျင်ပါစေ ×××× အမှန်တကယ်တမ်းကျ ××× ကျားရဲဖြစ်မှ ရှင်သန်မယ်×××။

အောင်လအင်န်ဆန် သို့မဟုတ် မြန်မာ့စပါးကြီးမြွေတစ်ကောင်။ အားလုံးကို စပါးကြီးမြွေတစ်ကောင်က ညှို့ယူဖမ်းစားနိုင်ခဲ့ပြီ။

အောင်လအင်န်ဆန်။

Awng La-N-seng

စပါးကြီးမြွေတစ်ကောင်ရဲ့ ရှင်သန်ကြီးပြင်းခဲ့ရတဲ့ ဘဝတွေကို နေ့စဉ်ထုတ်သတင်းစာတွေ၊ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေနဲ့ စာအုပ်တွေ၊ အင်တာနက်တွေပေါ်မှာ ရှာကြည့်လိုက်တဲ့အခါမှာတော့ . . . ။

* * *

သူဟာ မြစ်ကြီးနားမြို့လေးမှာ မွေးဖွားခဲ့ပြီး မိဘတွေနဲ့အတူ မြို့တော်ရန်ကုန်ကြီးမှာ ရွှေ့ပြောင်းနေထိုင်ခဲ့ရသူ။

ဖခင်ဖြစ်သူက မြန်မာနိုင်ငံရဲ့ နာမည်ကျော်စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်တဲ့ ကျောက်စိမ်းရောင်းဝယ်ရေး လုပ်ကိုင်သူ တစ်ယောက်။

ရန်ကုန်ရောက်လာပြီးညီအစ်ကိုနှစ်ယောက် International School တစ်ခုမှာ ကျောင်းတက်ခဲ့ကြ။

နိုင်ငံခြားမှာ ပညာဆက်လက်သင်ယူမယ် စိတ်ကူးတွေနဲ့။

"ကျွန်တော် ကျောင်းအသင်းနဲ့အတူ ဘောလုံးကစားခဲ့တယ်။ ဘယ် အားကစားနည်းမှာမှ အနိုင်မရခဲ့ဖူးပါဘူး။

ဒီလို ရှုံးနိမ့်ခဲ့တာတွေက ကျွန်တော့်ကို အောင်မြင်မှုဆိုတာကို လိုချင်တပ်မက်မှုတွေကို ဖြစ်စေခဲ့ပါတယ်။

ပွဲတစ်ပွဲမှာ အသုံးပြုရမယ့် ခွန်အားနဲ့ ပြိုင်ပွဲရဲ့ အခြေအနေကိုမသုံးသပ်နိုင်ခဲ့ရင် အောင်မြင်မှုနဲ့ ဆုံတွေ့ရဖို့ ခက်ခဲနေဦးမယ်လို့ ပြောခဲ့တဲ့ နည်းပြဆရာရဲ့ စကားက ကျွန်တော့်အတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့ပါတယ်။ ဒီစကားကို ကျွန်တော် ဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့တိုင်း ကြားယောင်နေမိပါတယ်" တဲ့။

အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်ကို အောင်အောင်မြင်မြင် သန္နေတည်ခဲ့သူလို့ ကျွန်တော် မှတ်ချက်ချမိလိုက်ပါတယ်။

ဒီစိတ်ဓာတ်ကပဲ အောင်လအင်န်ဆန် ဖြစ်စေခဲ့တာလို့လည်း ယုံကြည်လိုက်မိတယ်။

ပညာဆက်လက် သင်ယူဖို့ ၂၀၀၃ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စုကို ပြောင်းရွှေ့။

မီချီကန်မှာရှိတဲ့ အင်ဒရူးစိုက်ပျိုးရေး နည်းပညာတက္ကသိုလ်ကို တက်ရောက်ခဲ့။

သူ့မှာ ရည်မှန်းချက်တစ်ခုရှိတယ်။ အမိနိုင်ငံကို ပြန်လာပြီး သူ တတ်မြောက်ခဲ့တဲ့ ပညာရပ်တွေကို လက်ဆင့်ကမ်းမယ်။

တောက်မယ့်မီးဟာ သူ့နှလုံးသားမှ တရဲရဲ။ မြန်မာ့သားကောင်း စိတ်ဓာတ်။

၂၀၀၅ ခုနှစ် မေလ ၂၁ ရက်နေ့။ ကြေးစားလက်ဝှေ့သမားအဖြစ် စတင်ခံယူခဲ့။ ပြီးတော့ Emersen Rushing နဲ့ Light Heavy Weight ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ထိုးသတ်။

ဒီပွဲမှာ Emerson Rushing ကို ပထမအချီရဲ့ (၂:၂၄စက္ကန့်) အရောက်မှာ ဒိုင်ပွဲရပ်နဲ့ အနိုင်ရ။

အမဲလိုက်အက ×××

အမဲလိုက်အက ×××

* * *

သူဟာ ၂၀၀၈ မှာ အင်ဒရူးစိုက်ပျိုးရေး နည်းပညာ သိပ္ပံကနေ B.Sc ဘွဲ့ ရခဲ့။ တက္ကသိုလ်ပြီးဆုံးသွားတော့ မေရီလင်းဒ်ကို ပြန်လာခဲ့ပြီး သူတို့နေထိုင်တဲ့အိမ်နဲ့ အနီးဆုံးသင်တန်းကျောင်းတစ်ခုကို ရှာဖွေရင်း Crazy 88 MMA ဆိုတဲ့ လေ့ကျင့်ရေးသင်တန်းတစ်ခုနဲ့ ချိတ်ဆက်မိခဲ့။

"ကျွန်တော်ဟာနိုင်ငံရေးသမားတစ်ယောက် မဟုတ်ပါဘူး။ဖိုက်တာတစ်ယောက်ပါ"တဲ့။

"တိုင်းပြည်အတွင်းမှာစစ်ပွဲတွေကြောင့် ဒုက္ခရောက်နေကြတဲ့ ပြည်သူပြည်သားတွေကိုလည်း ကူညီချင်ပါတယ်။ ကျွန်တော် MMA ဘက်စုံသုံး ကိုယ်ခံပညာပြိုင်ပွဲတွေကစားပြီး ရရှိလာတဲ့ အောင်မြင်မှုတွေနဲ့ ပိုင်ဆိုင်မှုတွေကို ခွဲဝေပေးလိုပါတယ်"တဲ့။

သူ့စကားက သူ့စိတ်ဓာတ်တွေ ပေါ်လွင်လို့။ အမိမြေကို ချစ်သော စပါးကြီးမြွေတစ်ကောင်ရဲ့ သည်းခြေဟာ အမိနိုင်ငံကို ချစ်တဲ့ မျိုးချစ်စိတ်တွေစီးဝင်လှည့်ပတ်လို့။

စာ - ၁၇ သို့ »

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ မြစ်ကြီးနားရုံးမှ ဝန်ထမ်းခေါ်စာ

ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

**The ICRC is looking for suitable candidates to fill the following vacancy:**

**Driver**

**Reference Number: LOG_MYI_2019001**

**To be based in Myitkyina** with frequent travel to Kachin State.

**Duties and Responsibilities**

- You will drive light vehicles to transport people and/or material in strict adherence to internal security rules and national traffic laws.
- You will constantly monitor security conditions on the road.
- As part of your duty, you will ensure that goods are stored inside the vehicle according to local, international and ICRC safety standards (attachment and distribution of goods, etc.).
- You will check the assigned vehicle's equipment, general functioning and body condition and ensure that it is kept fuelled and clean inside and out.
- You will check that trips have been authorized where necessary.
- In addition, you will check immediately reports accidents, defects and/or missing equipment to management.
- Furthermore, you can act as head of convoy as needed (in charge of the driver(s), application of security rules and time-frame for the convoy).

**Required profile**

- It is required to have Secondary school level.
- Have driving license for at least 5 years.
- You should have at least 2 years' work experience in a relevant field.
- Basic knowledge of English and Kachin (local language) are welcome.
- Good Knowledge of the geographically especially GCA (Government Control Area) and NGCA
- (Non-Government Control Area) in Kachin State.
- Have basic mechanical skills.
- Master in off-road and 4 wheel drive.
- Previous ICRC experience is also a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **13 February 2019**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:

**yan_hr_recruitment_services@icrc.org**

ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon

Or

**Aye Aye Khaing**
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.


# ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ပြဿနာရှိသော ကလေးများကို ရန်ကုန်မှဆရာဝန်ကြီး အခမဲ့လာရောက်ကုသပေးမည်

မြစ်ကြီးနား၊ ဇန်နဝါရီလ ၂၉

ရန်ကုန် ကလေးဆေးရုံကြီး ဦးနှောက် အာရုံကြောကလေးအထူးကု ဆရာဝန်ကြီးဒေါက်တာဦးကျော်လင်းက မြစ်ကြီးနားဆေးရုံကြီးသို့ လာရောက်၍ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာပြဿနာရှိသော ကလေးများကို မတ်လ ၂၅ ရက်နေ့တွင် အခမဲ့ လာရောက် ကြည့်ရှုကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်း ကုသပေးမှုသည် မြစ်ကြီးနားဆေးရုံကြီးတွင် ပထမဦးဆုံးအကြိမ်ဖြစ်ပြီး ဝေးလံသောနေရာများရှိ အခက်အခဲရှိသော ကလေးငယ်များအတွက် ရည်ရွယ်၍ ဒေါက်တာ ကျော်လင်းမှ ကိုယ်တိုင်လာရောက်ခြင်း ဖြစ်ကြောင်း မြစ်ကြီးနား အထွေထွေကု ဆေးရုံကြီးမှ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာငြိမ်းကြည်ဖေက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"နယ်က လူနာတွေအတွက် ဆရာကနေပြီးတော့ ကိုယ်တိုင်လာရောက် ကုသပေးချင်တာရယ်။ သူက နှစ်တိုင်းရော တခြားနေရာတွေကို သွားနေကျလည်းဖြစ်တယ်"ဟု ၎င်းကပြောသည်။

လူဦးရေ ကန့်သတ်ထားခြင်းမရှိသော်လည်း ဆရာဝန်ကြီးမှ နေ့တစ်ပိုင်းသာကြည့်ရှုပေးနိုင်မည် ဖြစ်သောကြောင့် ကုသမှုခံယူလိုသည့် လူနာရှင်များအနေဖြင့် ဇန်နဝါရီလမှစ၍ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးတွင် လာရောက်စာရင်းပေးသွင်း စစ်ဆေးခံယူကြရမည် ဖြစ်ကြောင်း ဒေါက်တာငြိမ်းကြည်ဖေက ဆက်လက်ပြောသည်။

"ဆရာကတော့ နေ့တစ်ပိုင်းပဲ ကြည့်ပေးနိုင်မယ်ဆိုတော့ ဆရာမတို့က လူများများ ကြည့်ပေးနိုင်အောင် ကြိုပြီးတော့ လူနာတွေကို ကြည့်ထားပေးပြီး လူနာမှတ်တမ်းတွေကို လုပ်ထားပေးမယ်။ အဲ့လိုဆို သူကြည့်လိုက်တဲ့အခါ လိုအပ်တာတွေလုပ်ထားပေးပြီဆိုတော့ ဆရာကြီးက ကြည့်ပေးလိုက်ရုံပဲ။ တစ်ယောက်ချင်း ကြည့်ပေးနေရင် ကြာမှာမို့လို့ အခုလိုလုပ်ပေးထားတော့ လူများများ ပိုကြည့်ပေးနိုင်တာပေါ့လေ"ဟု ဒေါက်တာငြိမ်းကြည်ဖေက ပြောသည်။

ကုသလိုသူများအနေဖြင့် မြစ်ကြီးနားအထွေထွေရောဂါကု ဆေးရုံကြီး၊ ကလေးကုသဆောင်သို့ လာရောက်စာရင်းပေးသွင်းကာ ကြိုတင်စစ်ဆေးမှု ခံယူနိုင်ပြီဖြစ်ကြောင်း သိရပြီး အသေးစိတ် အချက်အလက်များကိုလည်း လာရောက်မေးမြန်းနိုင်ကြောင်း သိရသည်။

ဒေါက်တာဦးကျော်လင်းသည် မော်လမြိုင်၊ ပုသိမ်၊ ပဲခူး၊ မကွေးအစရှိသော နေရာများတွင် နှစ်စဉ်သွားရောက် ကုသပေးလျက်ရှိကာ မြစ်ကြီးနားမြို့တွင် ပထမဦးဆုံးအကြိမ် လာရောက် ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။

Ann/ Benadeth

» စာ - ၁၆ မှ

ဒီလိုနဲ့ တစ်ပွဲပြီး တစ်ပွဲ။ တစ်ချီပြီးတစ်ချီ။ သူ့နာမည် ဟာပိုပိုပြီး ကျော်ကြားလာခဲ့။

၂၀၁၈ ခုနှစ် ဇွန်လ ၂၉ ရက်နေ့မှာ မစ်ဒယ်ဝိတ်တန်းအတွက် စိန်ခေါ်သူ ဂျပန်လူမျိုး Ken Hasekawa ကို ငါးချီမြောက်မှာပဲ အလဲထိုးနိုင်ခဲ့။

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့မှာ မစ်ဒယ်ဝိတ်တန်း စိန်ခေါ်သူ လက်ဘနွန်နိုင်ငံသား မိုဟာမက်ခရကီကို ပထမအချီမှာပဲ (၂မိနစ် ၂၁စက္ကန့်) ဒိုင်ပွဲရပ်နဲ့ အနိုင်ရ။

အောင်လအင်န်ဆန်နဲ့ အတူ ကျွန်တော်တို့တွေ ပျော်ကြ။ နိုင်ငံတော်အလံကို မွေ့ယမ်းကြ။

မြန်မာ၊ မြန်မာ၊ မြန်မာ။

ဒုက္ခသည်စခန်းတွေကို လည်း သူ ရောက်ပါတယ်။ စစ်ဘေး ဒုက္ခသည်စခန်းတွေသွားပြီး အားပေးတယ်။ နှစ်သိမ့်တယ်။ လှူဒါန်းတယ်။

ဗုံးသံတွေ၊ ကျည်ဆန်တွေကြားမှာ တိုက်ပွဲတွေနဲ့ ကြီးပြင်းခဲ့ရတဲ့ သူ့အတွက် စစ်ပွဲတွေကို လိုလားတပ်မက်မှုရှိမှာ မဟုတ်တာတော့ အသေအချာ။

ကချင် လူမျိုးတွေကို ကမ္ဘာကပိုမိုသိအောင် မိတ်ဆက်ပေးခဲ့တဲ့ သူ။

သူ ပြောခဲ့တာပဲ။

လူငယ် အားလုံးလည်း ကမ္ဘာ့ချန်ပီယံ ဖြစ်လာနိုင်တယ်တဲ့။

အောင်လအင်န်ဆန်

အကျီတွေဝတ်ပြီး ဂုဏ်ယူဝင့်ကြွားနေကြတဲ့ လူငယ်တွေကို မြင်တော့ လူငယ်မျိုးဆက်တွေဟာ အောင်လအင်န်ဆန်အကျီတွေဝတ်ပြီး အောင်လအင်န်ဆန် စိတ်ဓာတ်ထားနိုင်ကြဖို့ မျှော်လင့်မိတယ်။

ဒဏ်ရာတွေ ××× နာကျင်ပါစေ ××× အမှန်တကယ်တမ်းက ××× ကျားရဲဖြစ်မှ ရှင်သန်မယ် ×××

အမဲလိုက်အက ××× စင်မြင့်ထက်က ××× ရှုံးနိမ့်သူ ×××× လဲကျမယ်။ ။

*ကိုးကား(၁) - နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ အင်တာနက်။*
*ကိုးကား(၂) - မြန်မာတွေ မညံ့ပါဘူး(ဟန်စိုး)။*



မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဖေဖော်ဝါရီ ၄ ၊ ၂၀၁၉ )

# တိုင်းရင်းသားအလှမယ်ပြိုင်ပွဲတွင် သရဖူရရှိခဲ့သည့် ကချင်တိုင်းရင်းသား ကိုယ်စားပြုအလှမယ် အမ်ဂျာဆိုင်းနှင့်တွေ့ဆုံခြင်း



ရန်ကုန်မြို့ကျိုက္ကဆံကွင်းမှာ ခြောက်ရက်တိုင်တိုင် ကျင်းပခဲ့တဲ့ 'သွေးချင်းတို့ရဲ့ ပွဲတော်ဆီ' ပွဲတော်မှာ ထည့်သွင်း ပြုလုပ်ခဲ့တဲ့ တိုင်းရင်းသား အလှမယ်ရွေးချယ် ပြိုင်ပွဲကြီးမှာ သရဖူဆုကို ရရှိခဲ့တဲ့ ကချင်တိုင်းရင်းသား ကိုယ်စားပြုယှဉ်ပြိုင်သည့် အလှမယ် အမ်ဂျာဆိုင်းနဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။ သူမဟာ သရဖူဆုအဖြစ် ကျောက်မျက်ရတနာ ရှစ်မျိုးနဲ့ ပြုလုပ်ထားတဲ့ ရှစ်ပါးရတနာ ရွှေသရဖူ၊ ငွေသားဆု ကျပ်သိန်း ၁၅၀ နဲ့အတူ အခြား ဆုငွေများကိုပါ ပိုင်ဆိုင်ခဲ့တာပါ။

သူမအနေနဲ့ တိုင်းရင်းသားအလှမယ် သရဖူဆုသာမက ယခင်က First Runner Up at Miss Myanmar World 2016, Miss Grand Myanmar 2014 at Miss Golden Land Myanmar စတဲ့ ဆုတွေကိုလည်း ရရှိခဲ့ဖူးသူ ဖြစ်ပါတယ်။

**ပထမဦးဆုံး နာမည်အပြည့်အစုံလေးနဲ့ ပရိသတ်တွေကို မိတ်ဆက်ပေးပါဦး။**

မခါဂျာဆိုင်းပန်လို့ ခေါ်ပါတယ်။ အနုပညာနာမည်အနေနဲတော့ အမ်ဂျာဆိုင်းပါ။

**အမ်ဂျာဆိုင်းအနေနဲ့ မော်ဒယ်လ်လောကကို ဘယ်အချိန်ကတည်းက စတင်ဝင်ရောက်ခဲ့တာလဲ။**

ပြိုင်ပွဲတွေ စပြိုင်ဖြစ်ခဲ့တာကတော့ ၂၀၁၄ ကနေ စပြိုင်ခဲ့တယ်။ တကယ် အနုပညာလောကထဲကို စဝင်တာကတော့ ၂၀၁၅ ကုန်ခါနီးလောက်မှာပါ။

**အဲ့ဒီတုန်းက ကိုယ့်အတွက် အခက်အခဲဖြစ်ခဲ့တဲ့ အရာတွေရော ရှိလား။**

အခက်အခဲကတော့ ဘယ်အလုပ်မဆို ရှိတာပဲပေါ့နော်။ ပြီးတော့ကံကောင်းတာက ကျွန်မတို့ကချင်တိုင်းရင်းသားတွေကံကောင်းတာကပေါ့နော်။ အများကြီးအခက်အခဲမရှိဘူး ဆိုတာကပေါ့နော်။ ဒီဇိုင်နာတွေလည်း ကချင်တွေ များတယ်။ မိတ်ကပ်ပညာရှင်တွေလည်းများတယ်။ ပြီးတော့ ရှေ့က Super Model တွေလည်း ကချင်များတယ်။ ဆိုတော့ လမ်းပြလက်တွဲခေါ်မယ့် သူတွေများတော့ သူများတွေထက် နည်းနည်းလေးတော့ အခက်အခဲတွေ သက်သာတယ်လို့ ထင်တယ်။ အများကြီး အခက်အခဲတော့ မရှိဘူး။ ကိုယ်ကိုယ်တိုင်ကြိုးစားအားထုတ်မှုလေးတော့ လိုတာပေါ့လေ။

**ဒီ တိုင်းရင်းသားအလှမယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့ပုံကို ပြောပြပေးပါဦး။**

တိုင်းရင်းသားအလှမယ်ပြိုင်ပွဲကိုကျတော့ပေါ့နော်။ ကိုယ်က ကချင်လူမျိုးတစ်ယောက်ဖြစ်တယ်။ ကိုယ့်ရဲ့ တိုင်းရင်းသား လူမျိုးရဲ့ ရိုးရာယဉ်ကျေးမှုတွေရယ်၊ ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်တွေအကြောင်းကို ပြောပြချင်တယ်။ ကိုယ့်ရဲ့ တိုင်းရင်းသား ယဉ်ကျေးမှုအမွေအနှစ်တွေကို မျှဝေချင်တယ်။ ကချင်လူမျိုးတစ်ယောက်အနေနဲ့ လုပ်သင့်တယ်ထင်လို့ ကချင်တိုင်းရင်းသား ကိုယ်စားပြုတစ်ယောက်အနေနဲ့ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာပါ။

**ဒီပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်တော့ ကိုယ့်အတွက် စိုးရိမ်ခဲ့တဲ့အပိုင်းတွေ ရှိခဲ့လား။**

အရှေ့မှာ ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေနဲ့ အခုပြိုင်ပွဲတွေက မတူဘူးပေါ့နော်။ အရင်က ပြိုင်ပွဲတွေကကျတော့ အမ်ဂျာဆိုင်းတစ်ဦးတစ်ယောက်ကိုပဲကိုယ်စားပြုပြိုင်ရတယ်။ အခုကကျတော့ ကချင်တိုင်းရင်းသားအားလုံးကိုယ်စားပြုတစ်ယောက်အနေနဲ့ ပြိုင်ရတော့ ပိုပြီးတော့ တာဝန်ကြီးတယ်။ ရှေ့မှာ ပြိုင်ပွဲတွေ နှစ်ပွဲပြိုင်ခဲ့တယ် ဆိုပေမယ့် ဆုရတာကလည်း ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ပေါ့နော်။ ဆုတွေရခဲ့တဲ့အတွက် သူများတွေရဲ့ အမြင်မှာတော့ အရမ်းအတွေ့အကြုံ ရှိသလိုတော့ ဖြစ်သွားတယ်။ ဒါပေမဲ့ ပြိုင်ပွဲအတွေ့အကြုံကတော့ တကယ် လုံးဝအများကြီး မရှိပါဘူးလို့။ အခက်အခဲတွေကလည်းအများကြီးပါ ရှေ့မှာရထားတဲ့ ဆုတွေကြောင့်ရယ်၊ ဒီပွဲကို နားမလည်သေးတဲ့ သူတွေရယ်ပေါ့နော်။ Localပွဲလောက်ကို ပဲပြိုင်တယ်ပေါ့နော်။ ဒါပေမဲ့ ကိုယ့်ခံယူချက်ကတော့ ကိုယ့်လူမျိုးအတွက် တကယ်လုပ်သင့်တယ်ထင်လို့ ကိုယ်လုပ်ခဲ့တာပါ။

**ဒီပြိုင်ပွဲမှာရော ဘယ်လိုတွေ ပြင်ဆင်ပြီးတော့ ကြိုးစားခဲ့ရတယ်ဆိုတာကို ပရိသတ်တွေကို ပြောပြပေးပါဦး။**

ဘယ်လိုတွေ ပြင်ဆင်ခဲ့လဲ ဆိုရင်တော့ ပြောမပြတတ်အောင်ပါပဲ။ ကိုယ့်ရဲ့ ရိုးရာယဉ်ကျေးမှုတွေကို အများကြီး လေ့လာရတယ်။ ဘာလို့ဆို ဒီဘက်ခေတ်လူငယ်တွေပေါ့နော် ကျွန်မတို့ ကချင်လူမျိုးတွေက နောက်ပိုင်း မိတ်ဆက်ဖို့တောင် သိပ်မတတ်လာဘူး။ ကိုယ်တွေရဲ့ သမိုင်းကြောင်းတွေကိုလည်း ကိုယ်လက်လှမ်းမီသလောက် လေ့လာတယ်။ ပြီးတော့ ဒီပွဲမှာ မျှဝေခွင့်ရတယ်ပေါ့နော်။ အရှေ့မှာလည်း ပြိုင်ဖူးခဲ့တဲ့ သူတစ်ယောက် ဖြစ်နေတော့ မရခဲ့ရင်ရော၊ ရခဲ့ရင်ရော ဆိုတဲ့ စိတ်ကို ကြိုတွေးပြီးတော့ အဲ့ဒါတွေ အားလုံးအတွက် စဉ်းစားတယ်၊ ပြင်ဆင်တယ်။ ကိုယ်ဘယ်လို အကောင်းဆုံး ယှဉ်ပြိုင်ရမယ်ဆိုတာကအစ။ မရရင်လည်း ပြောခံရမှာတွေပေါ့နော်။ သူများအမြင်မှာတော့ သူပဲရမှာပါလို့ မြင်ကြတယ်။ ဒါပေမဲ့ ကိုယ်တကယ် ဒီ Camp မှာ ဘယ်လိုတွေ ကြိုးစားခဲ့တယ်ဆိုတာ ကိုယ်ပဲ အသိဆုံးပေါ့နော်။ လူတွေက ဒါကို မမြင်နိုင်ဘူးပေါ့နော်။ ဒိုင်တွေပဲ မြင်နိုင်တဲ့အတွက် အခုလိုဆုံးဖြတ်ပေးတဲ့ ဒိုင်တွေကိုလည်း ကျေးဇူးအများကြီး တင်တယ်။

**ပြိုင်ပွဲမှာ ကချင်တိုင်းရင်းသားကိုယ်စားပြု တစ်ယောက်အနေနဲ့ ယှဉ်ပြိုင်ရတဲ့ အပေါ်မှာရော ကိုယ့်အနေနဲ့ ဘယ်လိုမြင်မိလဲ။**

ကချင် တိုင်းရင်းသားတစ်ယောက်ဖြစ်ရတဲ့ အတွက် ကျွန်မဂုဏ်ယူတယ်။ ဂျာဆိုင်းအနေနဲ့ အရှေ့မှာလည်း ဆုရဖူးတဲ့သူ။ အားလုံးကလည်း ဒီပွဲကို နားမလည်ကြဘူးပေါ့နော်။ Miss ပွဲက ရိုးရိုးပွဲကြီးပေါ့။ ဘာလို့ပြိုင်ကြလဲ ဆိုပြီးတော့ပေါ့နော် လာပြောကြတယ်။ ဒါပေမဲ့ ဒီပွဲက သေချာလေ့လာတဲ့အခါမှာ ကိုယ့်အတွက် အခွင့်အရေး အများကြီး ရမယ်။ ကိုယ့်လူမျိုးတွေမှာ အခု ပြည်တွင်းစစ်တွေ ဖြစ်နေတယ်။ အဲ့ဒါကို အားလုံးကတော့ သိတာပဲ။ သိပေမယ့် ပြောပြခွင့်ရတယ်။ ဒီပွဲမှာက မြန်မာနိုင်ငံရဲ့ လူကြီးတွေ အများကြီးလည်း လာတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် ကိုယ့်အနေနဲ့ ပြသခွင့်ရတယ်။ ကိုယ့်လူမျိုးတွေ အတွက်လည်း ပြသခွင့်ရခဲ့တော့ ပြောမပြတတ်လောက်အောင်ပေါ့နော်။ ကိုယ့်ပြည်နယ်အတွက်လည်း အကျိုးရှိတယ်။ ပြိုင်သင့်တယ်ထင်လို့လည်း ပြိုင်ခဲ့တာပါ။

**ပြိုင်ပွဲတစ်လျှောက် အမှတ်တရအနေနဲ့ ဘာတွေရှိခဲ့လဲ။**

တိုင်းရင်းသားအားလုံး မတူညီတဲ့ နေရာကနေ လာခဲ့တယ်ပေါ့နော်။ အမှတ်တရတွေလည်း အများကြီး ရှိခဲ့တယ်။ တစ်ခါတလေကျရင် စကားဝဲတာတွေရှိတယ်။ ကိုယ်တွေက တိုင်းရင်းသူတွေဆိုတော့လေ။ ပြီးရင် ရေခြား၊ မြေခြားကဆိုတော့ အသွင်မတူတာတွေရှိတယ်။ စကားအပြောအဆို နည်းနည်းကွဲတာတွေ ရှိတယ်။ အဲ့ဒါတွေကတော့ တကယ် အမှတ်တရဖြစ်ရတယ်။ တစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင်နေရတယ်။ ပျော်လည်း ပျော်ခဲ့ရပါတယ်။

**သရဖူဆုကို ရရှိတော့ရော ကိုယ့်အနေနဲ့ ဘယ်လိုခံစားရလဲ။**

နေ့တိုင်းလည်း ဘုရားကို ဆုတောင်းတယ်။ အဲ့နေ့ကျတော့ အထူးဆုတောင်းရမယ်ဆိုပြီး တစ်နေကုန်ဘာမှ မစားဖြစ်ဘဲ တကယ်စိတ်နှစ်ပြီး တစ်နေ့လုံး အစာရှောင် ဆုတောင်းခဲ့တယ်။ ကျမ်းစာဖတ်ပြီး ခွန်အားယူတယ်။ နောက်တစ်နေ့ကျတော့ တကယ် အရမ်းအေးချမ်းတယ်။ ငါမရခဲ့ရင်လည်း အေးဆေးပဲ။ ရခဲ့ရင်လည်း ဘုရားက ငါ့ကို ကောင်းချီးပေးတာပဲပေါ့နော်။ ဆုအရမ်း တောင်းခဲ့တယ်။ ပွဲထဲ ရောက်ရင်လည်း ဆုတောင်းတယ်။ တစ် Round ပြီး တစ်Round ထွက်လာတယ်။ သွားခါနီးရောပြန်လာတော့လည်း အကောင်းဆုံးလုပ်နိုင်ခဲ့တဲ့ အတွက် ဘုရားကိုကျေးဇူးတင်တယ်။ ဘုရားလက်ထဲ အပ်ထားတယ်။ ဆုတောင်းထားတဲ့အတွက် အမေး၊ အဖြေမှာဆိုရင်လည်း ကိုယ်နဲ့သင့်တော်တဲ့ဟာ ဘုရားကပေးခဲ့တယ်။ သရဖူ ရခဲ့တဲ့အတွက် ဘုရားရဲ့ ဂုဏ်တော်ကို ချီးမွမ်းတယ်ပေါ့နော်။ ကချင်လူမျိုးတွေအားလုံး ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့ရတဲ့ အတွက် ဂုဏ်လည်း ယူမိတယ်။ ကိုယ်လုပ်တဲ့အရာက အရာထင်ခဲ့လို့ ဝမ်းသာပါတယ်။

**Miss တစ်ယောက် နဲ့ Super Model တစ်ယောက်ရဲ့ ကွာခြားချက်ကရော ဘာဖြစ်မယ်လို့ထင်လဲ။**

ကွာခြားချက် ဆိုရင်တော့ Miss က ကျတော့ နိုင်ငံကိုယ်စားပြုမယ်ဆိုရင်လည်း နိုင်ငံကိုယ်စားပြုပြိုင်တာပေါ့လေ။ အခု တိုင်းရင်းသားအလှမယ် ပြိုင်ပွဲဆိုရင်လည်း တိုင်းရင်းသားကိုယ်စားပြုတစ်ယောက်အနေနဲ့ ပြိုင်ရတော့ အားလုံးက ကိုယ့်ကို ကြည့်နေမှာပဲလေ။ အော်. . . နင်တို့ကချင်တွေက ဒီလိုလား။ ကရင်တွေက ဒီလိုလားဆိုတာ အားလုံးသူများတွေ မြင်ကြတယ်ပေါ့နော်။ Miss တစ်ယောက်က ကျတော့ အနေအထိုင်၊ အပြောအဆို၊ အသွားအလာ သတိထားဆင်ခြင်ရတယ်။ မော်ဒယ်လ်က ကျတော့ ပိုပြီးတော့ လွတ်လပ်တယ်လို့ မြင်တယ်။ အချုပ်အနှောင် မရှိဘူးပေါ့နော်။ အများကြီး ကွာခြားတာတော့ မရှိဘူးလို့တော့ ထင်ပါတယ်။

**ညီမအနေနဲ့ နောက်ထပ်ပြိုင်ပွဲတွေကိုရော ဆက်ပြိုင်ဖို့ ရှိသေးလား။**

ဒီပွဲပြီးရင်လည်း ဘာမှ မပြိုင်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ နိုင်ငံတကာ ပြိုင်ပွဲတွေဆို သူများက Join ခိုင်းစေချင်တယ်။ ဒါပေမဲ့ မပြိုင်ဖြစ်ဘူး။ အခု ပွဲကကျတော့ ကိုယ့်လူမျိုးအတွက် ကချင်လူမျိုး တစ်ယောက်အနေနဲ့ ကိုယ်ပါဝင်သင့်တယ်လို့ ထင်တယ်ပေါ့နော်။ လူကြီးတွေကလည်း အားပေးတယ်။ ဒီပွဲက နောက်ဆုံးဖြစ်မယ်လို့ ထင်တယ်။ နောက်ထပ် ပြိုင်ပွဲတွေတော့ ဆက်ပြိုင်ဖို့ မရှိတော့ပါဘူးရှင့်။

**နောက်ပိုင်းကျရင် Professional Model တစ်ယောက်အနေနဲ့ပဲ ရပ်တည်သွားဖို့ ဆုံးဖြတ်ထားတာလား သိချင်ပါတယ်။**

ဒါပေမဲ့လည်း ဒီအလုပ်ကလေ ရေရှည်ရပ်တည်ဖို့ကကျတော့ မလွယ်ပြန်ဘူး။ အခွင့်အခါကြုံရင် ကြုံသလိုလုပ်မယ်။ တကယ် ဝါသနာပါတာတော့ ဟုတ်တယ်။ ဒါပေမဲ့ ကိုယ့်အသက်ကလည်း မငယ်တော့ဘူးလေ။ ကိုယ်မိသားစု၊ ကိုယ့်မိဘတွေကိုလည်းကြည့်ရမယ်ဆိုတော့ ကိုယ်ပိုင်လုပ်ငန်း တစ်ခုခုနဲ့တွဲပြီး Freelance Model တစ်ယောက်အနေနဲ့ ရပ်တည်သွားမှာပါ။

Benaeth

# Mrs. Curvy Queen Myanmar Winner ဆုရှင် အိမ်ထောင်ရှင်အလှမယ် မေရီဆိုင်းနူး



မြစ်ကြီးနား၊ ဇန်နဝါရီ ၂၉

ရန်ကုန်မြို့တွင် ကျင်းပခဲ့သော Mrs. Eco Tourism Universe Myanamar 2019 ပြိုင်ပွဲကြီးတွင် မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်မှ အသက် ၃၀ နှစ်အရွယ် အိမ်ထောင်ရှင်အလှမယ် မေရီဆိုင်းနူးက Mrs Curvy Queen 2019 Winner ဆုကြီးကို ရရှိခဲ့၍ နိုင်ငံကိုယ်စားပြုအဖြစ် အိန္ဒိယနိုင်ငံတွင် ဆက်လက် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Grandness Universe Myanmar Organization မှ ဦးဆောင်ကျင်းပသော Mrs.EcoTourismUniverse Myanamar 2019 ပြိုင်ပွဲကြီးတွင် Title ဆုကြီး ငါးခုကို ချီးမြှင့်ပေးခဲ့ရာ အိမ်ထောင်ရှင်အလှမယ် မေရီဆိုင်းနူးက Mrs. Eco Tourism Global Myanmar Winner ဆုကို ရရှိခဲ့သဖြင့် အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် Mrs. Curvy Queen အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြုအဖြစ် စေလွှတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Organization မှ ၎င်းပြိုင်ပွဲကြီးအတွက် ကချင်ပြည်နယ်မှ ကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် ငါးဦးကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့က မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမ၌ ရွေးချယ်ခဲ့သည်။

မြစ်ကြီးနား၊ ပူတာအို၊ ရွှေကူ၊ ဗန်းမော်၊ ဖားကန့်မြို့နယ်တို့မှ ကိုယ်စားပြုအဖြစ် ငါးဦးကိုရွေးချယ်ခဲ့ပြီး ရန်ကုန်မြို့တွင် ဆက်လက်ယှဉ်ပြိုင်စေခဲ့ရာ မြစ်ကြီးနားမြို့ ကိုယ်စားပြုအဖြစ် ယှဉ်ပြိုင်ခဲ့သော အလှမယ် မေရီဆိုင်းနူးမှ Ms Curvy Pageants Winner ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

သူမအနေဖြင့် မိသားစု အခက်အခဲများကြားမှ Ms Curvy Pageants 2019 Winner ဆုကို မထင်မှတ်ဘဲ ရရှိခဲ့၍ အလွန် ပျော်ရွှင်မိကြောင်း မေရီဆိုင်းနူးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“အခက်အခဲတွေ အများကြီးရှိခဲ့တယ်။ ကိုယ်က Single Mom ဆိုတော့လေ။ ကလေးကိုလည်း ခေါ်သွားရတယ်။ အမေကလည်း သိပ်သဘောမတူဘူး။ ဒီ ပြိုင်ပွဲကိုပြိုင်ဖို့။ မနက်ဖြန် Final ပွဲ လုပ်တော့မယ်ဆိုရင် ညလောက်မှ သိတာ။ အမေက အရမ်းလည်း ဆူခဲ့တယ်။ ငွေရေးကြေးရေး အခက်အခဲတွေရော ရှိတယ်ဆိုတော့လေ။ အဲ့ဒီလို အခက်အခဲကြားကနေ ဒီဆုကို ရရှိခဲ့တာပေါ့။ နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ခွင့် ရတဲ့အတွက် ဘုရားသခင်ကိုလည်း ကျေးဇူးတင်တယ်”ဟု မေရီဆိုင်းနူးက ပြောသည်။

၎င်းအနေဖြင့် ခန္ဓာကိုယ်ပိုင်း၊ အဝတ်အစားပိုင်း ဆိုင်ရာများနှင့်ပတ်သက်၍ ပြင်ဆင်မှုများ သေချာပြုလုပ်ကာ နိုင်ငံကိုယ်စားပြုအိမ်ထောင်ရှင်အလှမယ်တစ်ဦးအဖြစ် အကောင်းဆုံးဆက်လက်ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းလည်း ဆက်လက်ပြောသည်။

“အခုကတော့ အရမ်းဝသေးတယ်. . .။ မြစ်ကြီးနားမှာတုန်းက Gym ဆော့တဲ့အတွက် ပုံတွေမှာဆိုရင် အသားတွေဆိုရင် ဖောင်းနေသလိုဖြစ်နေတယ်။ ဆော့တာ မကြာသေးဘူးဆိုတော့လေ။ အဲ့ဒါတွေကိုရော ဝိတ်ချရမယ်။ အဝတ်အစားက အစ။ အခုက သူများနိုင်ငံမှာ သွားပြိုင်ရမယ် ဆိုတော့ ပြင်ဆင်မှုကတော့ အရင်ကထက်ပိုပြီး ကြိုးစားရမှာပေါ့” ဟု ၎င်းက ဆိုသည်။

၎င်း Organization မှ Mrs. Curvy Queen အိမ်ထောင်ရှင် အလှမယ်ပြိုင်ပွဲအတွက် မြန်မာနိုင်ငံကိုယစားပြုအဖြစ်ပထမဦးဆုံးအကြိမ် စေလွှတ်ခြင်းဖြစ်ပြီး Grand Final ပြိုင်ပွဲကြီးကို လာမည့် စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Benadeth

## “မြစ်ကြီးနားနှင့် ပူတာအိုမှ လက်ရွေးစင်ဟောင်းများ” ဘောလုံးအသင်းတို့က မျိုးဆက်သစ်လူငယ်များနှင့် ချစ်ကြည်ရေးပွဲဆင်နွှဲ

ဇန်နဝါရီ ၃၁

ကချင်ပြည်နယ် လက်ရွေးစင်ကစားသမားဟောင်းများ၏ Old Star ဘောလုံးအသင်း၊ ပူတာအို Old Star နှင့် ဖုန်ဂန်လူငယ်ဘောလုံးအသင်းတို့ သုံးပွင့်ဆိုင် ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို ပူတာအိုမြို့တွင် ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်နေ့က ပြုလုပ်ခဲ့သည်။

ပူတာအိုဒေသရှိ လူငယ်များ အားကစားဘက်တွင် ပိုမိုထူးချွန်လာကာ ပြည်နယ်လက်ရွေးစင်၊ နိုင်ငံ့လက်ရွေးစင်များ ပေါ်ထွန်းလာရေးအတွက် ပြိုင်ပွဲပြုလုပ်ရခြင်းဖြစ်ပြီး ပူတာအိုလူငယ်များအတွက် ဆန်အိတ်နှင့်ဘောလုံးများကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း မြစ်ကြီးနားမြို့နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုဖြိုးဝေလင်းက ပြောသည်။

“သုံးပွင့်ဆိုင် ပုံစံပေါ့၊ သွားကန်ကြတယ်။ ပြီးတော့ မြစ်ကြီးနား ဘောလုံးအဖွဲ့ချုပ်ကနေ ဘောလုံး ၁၀ လုံး၊ ဆန်အိတ် တစ်အိတ်၊ ကချင်ပြည်နယ် Old Star အသင်းကနေ ဆန်အိတ်တစ်အိတ်နဲ့ ဖုန်ဂန်လူငယ်ဘောလုံးအသင်းအတွက်ဝတ်စုံ ဒါတွေပံ့ပိုးပေးခဲ့တယ်။ ဘောလုံးကစားနည်း ဖွံ့ဖြိုးလာရေးအတွက် အဓိကသွားလှူတာပါ။ ထောက်ပံ့ရေးပစ္စည်းတွေပေးတယ်၊ ပြီးတော့ လူငယ်တွေ အားကစားဘက်မှာ ပိုမိုထူးချွန်တဲ့ ကစားသမားတွေ ပေါ်ထွန်းလာပြီး ကချင်ပြည်နယ် အတွက် လက်ရွေးစင်၊ နိုင်ငံ့လက်ရွေးစင်ပေါ်ထွန်းလာဖို့ သွားရောက်ပံ့ပိုးပေးတာပါ” ဟု ကိုဖြိုးဝေလင်းက ပြောသည်။

ယခုကဲ့သို့ ဘောလုံးပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် ပူတာအိုမှ အားကစားမျုးများနှင့် လွန်ခဲ့သည့်နှစ်ကတွေ့ဆုံပြောဆိုမှုများပြုလုပ်ခဲ့ပြီး ယခုနှစ်မှ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဦးဆောင်သူ ကချင်ပြည်နယ်လက်ရွေးစင်ကစားသမားဟောင်း ကိုသန်းဇဟာဒူးက ပြောသည်။

“ဒီလိုပွဲ လုပ်ဖို့အတွက် လွန်ခဲ့တဲ့ ၅ လ ၆ လလောက်က ပူတာအို အား/ကာမှူးနဲ့ စကားပြောဖြစ်ထားတာ ရှိတယ်။ ပူတာအိုက ဌာနဆိုင်ရာ လူကြီးတွေ ဘောလုံးကို စိတ်ဝင်စားလာအောင် ဘယ်လိုပုံစံနဲ့ လုပ်မလဲပေ့ါ။ ပြီးတော့ အရင်က ပူတာအိုက အရမ်းကို သန့်သန့်ရှင်းရှင်းနေတဲ့မြို့ပေါ့။ အခုတော့ အရက်ကော မူးယစ်ဆေးဝါးကော ရှိလာတယ်ဆိုတော့ ဒီလမ်းကြောင်း တိုက်ဖျက်ချင်တယ်။ ဝါသနာရှင် လူငယ်တွေကို ဘောလုံးကွင်းထဲ ခေါ်လာချင်တယ်၊ ဆိုတော့ နှီးဆော်တဲ့အနေနဲ့ သွားဖြစ်တာပါ”ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ လက်ရွေးစင်ကစားသမားဟောင်းများ သွားရောက် ပြိုင်ပွဲပြုလုပ်ခြင်းကြောင့် ထိုဒေသမှ လူငယ်ကစားမားများအတွက် များစွာ အကျိုးကျေးဇူး ရှိကြောင်း၊ ပူတာအိုမှ လူငယ်



များထဲတွင် ထူးချွန်သူ များစွာ ရှိကြောင်းလည်း ကိုသန်းဇဟာဒူးက ထပ်မံပြောဆိုသည်။

“လက်ရွေးစင်ဟောင်းတွေ လာကြတယ်၊ တွေ့ဖြစ်တယ် စကားပြောတယ်။ ဌာနဆိုင်ရာ လူကြီးတွေကိုလည်း ပံ့ပိုးဖို့ ရပ်ကွက်/ကျေးရွာပွဲတွေကို ပိုမိုကောင်းမွန်အောင် လုပ်ဖို့တွေပေ့ါ၊ အဲ့ဒေသက ဘောလုံးသမားလေးတွေ ကစားတာ အရမ်းကောင်းတယ်ဗျ။ ဖုန်ဂန် လူငယ်အသင်းက ကျွန်တော်တို့တောင် အရမ်းကို ကစားခဲ့ရတာ ရှုံးတော့ မလိုနဲ့ ၄ ဂိုး ၂ ဂိုးနဲ့ နိုင်ခဲ့တာ။ သူတို့က မြစ်ကြီးနားကို လာကစားချင်တယ် ပြောတယ်။ ကျွန်တော်တို့ကလည်း ကုန်ကျစရိတ် အားလုံးကိုတော့ တာဝန်မယူနိုင်ဘူး။ ဒါပေမဲ့ တစ်စိတ်တစ်ဒေသ ကူညီမယ်လို့တော့ ပြောဖြစ်ခဲ့တယ်” ၎င်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါပွဲစဉ်တွင် မြစ်ကြီးနား (Old Star) အသင်းက ဖုန်ဂန်လူငယ်အသင်းကို အနိုင် ကစားနိုင်ခဲ့သော်လည်း ပူတာအို Old Star အသင်းနှင့် ကစားရာတွင် တစ်ဘက်သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

Salai




# သဘော်ဆေးစိမ်းသုတ်၍ ဖားကန့်မြို့အဝင်တွင် ထားရှိသော ကျောက်တုံးကို ဖယ်ကာကျပ်သိန်း ထောင်ချီတန် ကျောက်စိမ်းတုံးကြီးထားရှိမည်



ဓာတ်ပုံ - CC Photo

ဇန်နဝါရီ ၂၃

ကချင်အမျိုးသားကျောက်စိမ်းလောပန်းကြီး ဒေါက်တာ ဘန်လွန်ဘွမ်ယန်က ဖားကန့်မြို့အဝင်ဝတွင် ကျပ်သိန်းထောင်ချီ တန်သော ကျောက်စိမ်းတုံးကြီးကို ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျောက်စိမ်းတုံးကြီးကို ထိုကဲ့သို့ ထားရှိခြင်းမှာ ကျောက်စိမ်းထွက်သည့် ကချင်ပြည်နယ် ဖားကန့်မြို့တွင် ကျောက်စိမ်းနှင့် ပတ်သက်၍ အမှတ်အသားမရှိသဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း ကျောက်စိမ်းသူဌေး ဒေါက်တာ ဘန်လွန်ဘွမ်ယွန်မှ ပြောသည်။

"အဲဒါကတော့ ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူးကို ဘာပဲဖြစ်ဖြစ် လှူမယ်ဆိုပြီး ပြောထားတာ။ ဖားကန့်မြို့မှ ကြိုဆိုပါ၏လို့ ရေးထားတဲ့ နေရာမှာ သဘော်ဆေးသုတ်ထားတဲ့ ကျောက်ရိုင်းတုံးအကြီးကြီးပဲ ထားထားတာဖြစ်တဲ့အတွက် ကျွန်တော်တို့ အားလုံးအတွက် မျက်နှာမရှိဘူး။ ဒါကြောင့် အဲဒါကို ဖယ်လိုက်ပါ၊ နိုင်ငံအတွက်ရော မျက်နှာမရှိဘူး။ အဲ့ဒီမှာ ထားဖို့အတွက် ကျွန်တော် ကျောက်စိမ်းတုံးကြီးလှူမယ်လို့ ကတိပေးခဲ့တယ်"ဟု ဒေါက်တာဘွမ်ယွန်က ပြောသည်။

ဖားကန့်မြို့ အဝင်တွင် ကျောက်စိမ်းတုံး လှူဒါန်းမည့် ကျောက်စိမ်းသူဌေးက ကချင်ပြည်နယ်လွှတ်တော်တွင် ကျောက်စိမ်းတုံးအသေး (၈)တုံး၊ မြစ်ကြီးနားတက္ကသိုလ်တွင် တစ်လုံးနှင့် မြစ်ကြီးနားလေဆိပ်တွင် အလေးချိန် တန်ချိန် ၆ တန်ကျော်ရှိ ကျောက်စိမ်းတုံးကို လှူဒါန်းပြသထားရှိပြီး ဖြစ်သည်။

လှူဒါန်းရန် ကျန်ရှိသော အလေးချိန် ၉ တန်ခန့်ရှိ ကျောက်စိမ်းတုံးကြီးကို ဖေဖော်ဝါရီလတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်က ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း ကချင် ကျောက်စိမ်းသူဌေး ဒေါက်တာဘန်လွန်ဘွမ်ယွန်က ပြောသည်။

Ah Je

